# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (12-7-2015) (၈၂၅၉)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

### အမျိုးသမီးများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအလေးထားဆောင်ရွက်ပေးရမည်

သတင်း စာမျက်နှာ - ၃






(၄၅)အထူးယာဉ်မှ အမျိုးသမီးယာဉ်နောက်လိုက်တစ်ဦးက ခရီးသည်များအား ဤသို့ဖေးမကူညီပေးနေစဉ်။

## စားအုန်းဆီ ပြည်တွင်း ရောင်းဈေးသည် ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းထက် ပိုမိုမြင့်တက်ကွာဟနေ

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီ ရောင်းဈေးသည် ပြည်ပမှတင်သွင်းရာတွင် ကျသင့်သောဆိပ်ကမ်းရောက် အရင်းဈေးနှုန်းနှင့် ကွာခြားမှုနည်းနေရာမှ ဇူလိုင်လတွင် ကွာခြားမှုများလာသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ စားသုံးဆီရောင်းဝယ်သူများက ဆိုသည်။

ဇူလိုင် ၉ ရက်တွင် ပြည်ပ စားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၆၃၀ ဒေါ်လာနှုန်း၊ ဗဟိုဘဏ်ငွေလဲ ရည်ညွှန်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

## မိုးရွာသွန်းမှုများ

| | |
|---|---|
| ကျောက်ထု | ၃ ဒသမ ၅၄ လက်မ |
| ဖျာပုံ | ၃ ဒသမ ၅၀ လက်မ |
| ကိုကိုးကျွန်း | ၃ ဒသမ ၃၁ လက်မ |
| ရန်ကုန်(မြို့လယ်) | ၂ ဒသမ ၇၆ လက်မ |
| ကသာ | ၂ ဒသမ ၅၆ လက်မ |
| ကလေးဝ | ၂ ဒသမ ၂၈ လက်မ |
| လှိုင်လင် | ၂ ဒသမ ၀၉ လက်မ |
| ကျောက်တော် | ၁ ဒသမ ၅၇ လက်မ |
| နွားထိုးကြီး | ၁ ဒသမ ၅၀ လက်မ |

# ဣတ္ထိယဟုဆိုသော်လည်း - - -

သတင်းဆောင်းပါး

သီရိ

ဓာတ်ပုံ-သွန်း

"အင်းစိန်-တညင်းကုန်းကို ထိုင်စီးရမှာနော်။ လာနော်လာ။ အဲကွန်းကလည်း အေးနေတာပဲ။ အင်းစိန်-တညင်းကုန်းကို လိုက်မှာလား"။

ရန်ကုန်မြို့၏ ကားဂိတ်တစ်ခုတွင် ခရီးသည်များကို အော်ခေါ်နေသည့် (၄၅)အထူးယာဉ်မှ အမျိုးသမီးယာဉ်နောက်လိုက်၏ အသံက တစာစာဖြင့် ပျံ့လွင့်နေသည်။ အမျိုးသမီးဖြစ်သော်လည်း ၎င်းပုံစံက ရှက်ရွံ့မနေဘဲ အမျိုးသားယာဉ်နောက်လိုက်များနည်းတူ ခရီးသည်များကို အော်ခေါ်နေပုံက ချီးကျူးဖွယ်ကောင်းလှသည်။

ကားဂိတ်တွင် အမျိုးသမီးယာဉ်နောက်လိုက်ကို မမြင်ဖူးသူ ခရီးသည်အချို့က ၎င်း၏သွက်လက်သော လှုပ်ရှားမှုများကို တအံ့တသြကြည့်နေကြပြီး အင်းစိန်သွားမည့် ခရီးသည်အချို့ကတော့ ကားပေါ်သို့တက်သွားကြသည်။

၎င်းနာမည်က "မြတ်ရည်မွန် အသက်(၂၈)နှစ်" အမျိုးသမီး ယာဉ်နောက်လိုက်များကို ခေါ်ယူခဲ့သည့် ၂၀၁၄ ခုနှစ် မေလမှ စတင်ကာ ယင်းအလုပ်ကိုလုပ်ကိုင်ခဲ့သည်။

"ဒီအလုပ်ကို လျှောက်တာမဟုတ်ဘူး။ ပြောရရင် ကျွန်မရဲ့ အစ်ကိုတွေက ဒီယာဉ်ပိုင်ရှင်ဆီမှာပဲ ကားလိုက်တယ်။ ဒါနဲ့ ကျွန်မကို မိန်းကလေးစပယ်ယာ စခန့်မယ်၊ ငါ့ညီမလုပ်ကြည့်ပါလားဆိုပြီး ယာဉ်ပိုင်ရှင်က ကျွန်မကို စကမ်းလှမ်းတာ။ ဒါနဲ့ ကျွန်မလည်း အိမ်ကိုတိုင်ပင်ကြည့်တော့ အမေက ကိုယ့်ဘာသာ ကောင်းရောင်း ကောင်းဝယ်လုပ်စားတာပဲ၊ လုပ်ပေါ့ပြောတာနဲ့ ဒီအလုပ်ကိုစပြီးလုပ်ခဲ့တာ" ဟု မမြတ်ရည်မွန်က ပြောသည်။

အဆိုပါ အလုပ်ကို မမြတ်ရည်မွန်အနေဖြင့် လွယ်လွယ်ကူကူ လုပ်ခွင့်ရခဲ့ခြင်းမဟုတ်ပါ။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻




နေမြို့နေရဲခင်း

[illegible]

ကျွန်တော်က နေမြို့က 'မျိုးဇော်ဗိုလ် မင်္ဂလာဆိုင်း 'အဖွဲ့နဲ့ နေ့အကြမ်မှာ သီချင်းလိုက်ဆိုလေ့ရှိတဲ့ အဆိုတော်တစ်ယောက်ပါ။ ဆလိုက်မီးရောင်စုံတွေအောက်မှာ မိတ်ကပ်လိမ်းပြီး သီချင်းဆိုရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိတော့ပါဘူး။ မိတ်ကပ်လိမ်းတာ တစ်ဘူးတောင်မကုန်သေးဘူး ကျွန်တော့်မျက်နှာမှာ အမည်းကွက်တွေ ဟိုတစ်စ ဒီတစ်စ ပေါ်လာပါရော။ ကျွန်တော်ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ မိတ်ကပ်တွေလည်း ဆက်မလိမ်းရဲတော့ဘူး။ မိတ်ကပ်မလိမ်းဘဲ မီးရောင်အောက်မှာ သီချင်းဆိုဖို့ကလည်း မျက်နှာက ပြောင်ချော်ချော်ကြီးဖြစ်နေပြန်ရော။ နောက်ဆုံးတော့ ဒီဒုက္ခတွေက ကင်းဝေးလို့ ကျွန်တော့်မျက်နှာဟာ အမည်းကွက်တွေပျောက်ကင်းပြီး အရမ်းကိုဖွေးလက်သွားပါတော့တယ်။ တကယ်ကို အံ့သြစရာပါပဲ။ ရွှေပြည်နန်း (သဘာဝအသားဖြူသနပ်ခါး)ကြောင့်ပါပဲ။ ပြောမယုံ ကြုံဘူးမှသိ ဆိုသလို ပြောတာမယုံရင် အညွှန်းအတိုင်းသုံးစွဲကြည့်လိုက်ပါ။ ကျွန်တော်ကတော့ လက်တွေ့သုံးစွဲကြည့်လို့ယုံလိုက်ပါပြီ။

နေမြို့နေရဲခင်း၊ ဥယျာဉ်ချောင်းကျေးရွာ၊ နေမြို့မြို့နယ်၊ ဧရာဝတီတိုင်း၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ မျိုးဇော်ဗိုလ် (မျိုးဇော်ဗိုလ်မင်္ဂလာဆိုင်းအဖွဲ့) နာရီစင်သခ်မ်း၊ နေမြို့မြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံစာတည်းရှုထောင့် ၁၂-၇-၂၀၁၅၊ တနင်္ဂနွေနေ့

# အချိုးကျတိုးတက်မှ နိုင်ငံဖွံ့ဖြိုးမည်

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်လူမှုဘဝ မြင့်မားတိုးတက်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် တိုးပွားလာသော လူဦးရေအတွက် လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူမှုဘဝ မြင့်မားတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ပြည်သူအများစု ဝင်ငွေမြင့်မားတိုးတက်ရေးသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စီးပွားရေးမူဝါဒလေးရပ် ချမှတ်ဆောင်ရွက်ပေးနေသည်။ လက်ရှိတွင် ပြည်သူများ၏စီးပွားရေးအထိုက်အလျောက် တိုးတက်နေပြီး ၂၀၂၀ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် အလယ်အလတ်အဆင့် ဝင်ငွေရရှိသောနိုင်ငံဖြစ်ရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည့် စီမံကိန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးသည်။

နိုင်ငံသားတစ်ဦးချင်းစီ၏ ဝင်ငွေအနည်းအများသည် ထိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မှီသည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများမှ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေမှာ မြင့်မားနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသောနိုင်ငံများမှ ပြည်သူများ၏ဝင်ငွေမှာ နိမ့်ကျနေသည်။ မြန်မာနိုင်ငံအနေဖြင့် တစ်ဦးချင်းဝင်ငွေ အနည်းဆုံးအဆင့်တွင်ပင်ရှိသေးသည်မှာ နိုင်ငံဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သည်။

လူမှုဘဝမြင့်မားတိုးတက်ရေးတွင် နိုင်ငံရေးတည်ငြိမ်ပြီး နိုင်ငံအေးချမ်းသာယာမှုနှင့်လည်း ဆက်စပ်မှုရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုသာ ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိမည်ဖြစ်သည်။ တစ်ဖက်တွင် လူဦးရေတိုးပွားလာမှုနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို မလုပ်ဆောင်နိုင်ပါလျှင် ဆင်းရဲမွဲတေမှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းအခြေအနေကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအား လေ့လာကြည့်လျှင် သိသာနိုင်သည်။ ဆင်းရဲမှု အညွန်းကိန်းသည် တိုးပွားနေသောလူဦးရေနှင့် လိုက်ဖက်မည့်ဖွံ့ဖြိုးတိုးတက်မှုကို အချိုးကျ လုပ်ဆောင်နိုင်မှုအပေါ် မူတည်သည်။

မြန်မာနိုင်ငံသည် လူဦးရေတိုးပွားနှုန်းမြင့်မားသော နိုင်ငံများစာရင်းတွင် မပါဝင်ပါ။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းပေါများရာ မြို့ကြီးများတွင် လူဦးရေစုပြုံတိုးပွားနေသဖြင့် တိုးပွားနေသောလူဦးရေအတွက် အချိုးကျလိုက်ဖက်မည့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံများကို ဆောင်ရွက်ပေးနေရသည့်သဘောဖြစ်သည်။ ပြည်သူများအနေဖြင့် ၎င်းတို့၏ဘဝအဆင်ပြေရေးအတွက် အဆင်ပြေရာရပ်တည်လှုပ်ရှားနေခြင်းမှာ သဘာဝကျသည်။ အရင်းအမြစ်မှာ ဖွံ့ဖြိုးရာသို့ စုဝေးလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့ပြနေပြည်သူများမှာ ၃၀ ရာခိုင်နှုန်း၊ ကျေးလက်နေပြည်သူများမှာ ၇၀ ရာခိုင်နှုန်းဟု ဆိုသော်လည်း ရန်ကုန်မြို့နေပြည်သူများမှာ ၇၀ ရာခိုင်နှုန်း၊ ကျေးလက်နေပြည်သူများမှာ ၃၀ ရာခိုင်နှုန်းဖြစ်နေသည်။ ယင်းရာခိုင်နှုန်းမှာ ဆက်လက်တိုးပွားနေဦးမည်ဖြစ်ပြီး လူမှုဘဝအစီအမံနှင့် တိုးပွားနေသည့်လူဦးရေ အချိုးကျအောင်ဆောင်ရွက်ရန် ခက်ခဲနေဦးမည်ဖြစ်သည်။

ပြည်သူများ၏ အခြေခံလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေး၊ နေရေးပင်ဖြစ်သည်။ ထိုအရေးသုံးပါးအတွက် ခက်ခဲစွာရင်ဆိုင်ကြရ၍ ဖြည့်စွမ်းနိုင်မည့်ဒေသကို ရွေးချယ်ကြခြင်းဖြစ်သည်။ လောလောဆယ်တွင် ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသော ဂေဟစနစ်ကို မစဉ်းစားနိုင်သေးဘဲ လူတို့၏လိုအပ်ချက်များကို ဦးစားပေးနေရသည်။ ဖွံ့ဖြိုးမှုကို မျှထုတ်နိုင်လျှင် စုပြုံစိန်ခေါ်မှုများ လျော့ပါးသက်သာစေမည်။

မြန်မာနိုင်ငံတွင် လူဦးရေနှင့် သဘာဝပတ်ဝန်းကျင် အချိုးအစားကွာဟချက်ကြီးမားခြင်းမှာ တစ်နေရာတည်းတွင် စုပြုံတိုးနေသောကြောင့်ဖြစ်သည်။ အစာအာဟာရအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်စရာများရှိသည်။ နေထိုင်ရန်နှင့် အလုပ်အကိုင်အရေးတွင် မြို့ပြမြေယာတိုးချဲ့အသုံးပြုရန်အတွက် မြေလွတ် မြေရိုင်းနှင့် စီးပွားဖြစ်မလုပ်ကိုင်နိုင်သော လယ်ယာမြေများ များစွာရှိသည်။

အချိုးညီမျှတဖွံ့ဖြိုးမှ နိုင်ငံတိုးတက်မည်ဖြစ်သည်။ ပြည်သူများ၏လိုအပ်ချက်များကို ကြွယ်ဝလှသော မြန်မာ့မြေတွင် အချိုးကျတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အလယ်အလတ်အဆင့်ဝင်ငွေတိုးတက်ကာ နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ။

# မကွေးမြို့နယ် မြေနုကျွန်းကျေးရွာ ကမ်းပါးပြို၍ မူလွန်ကျောင်း နေရာရွှေ့ပြောင်း

**မကွေး ဇူလိုင် ၁၁**

မကွေးမြို့နယ် မြေနုကျွန်းကျေးရွာမြောက်ဘက်တွင် ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် အဆိုပါကမ်းပါးနှင့်ပေ ၂၀ ခန့်အကွာ မြေနုကျွန်းကျေးရွာရှိ အမှတ် (၁၅၈) မူလွန်ကျောင်းတွင် စာသင်ဆောင် နှစ်ဆောင်ရှိပြီး အလျား ၇၄ပေ၊ အနံ ၂၈ပေ၊ အမြင့် ၁၈ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ နှစ်ထပ်ကျောင်းဆောင်အား မကွေးမြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင်အေးဦးဆောင်၍ ဒေသခံရွာသူရွာသား ၅၀ နှင့် ကျောင်းဆောင်အားဖျက်ကာ မြေနုကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အမှတ်(၁၅၈) မူလွန်ကျောင်းအတွင်း ကျန်ရှိနေသေးသည့် အလျား ၂၂ပေ၊ အနံ ၂၆ပေ၊အမြင့် ၁၈ပေ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်ကျောင်းဆောင်၌ ကျောင်းသား ၄၃ ဦး၊ကျောင်းသူ ၄၆ ဦးစုစုပေါင်း ၈၉ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိရာ ဧရာဝတီမြစ်ကမ်းပါးနှင့် ပေ ၁၁၀ ခန့်ကွာဝေးသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် အဆိုပါ ပြောင်းရွှေ့ထားသည့် ကျောင်းဆောင်၌ ပညာသင်ကြားနေသော ကျောင်းသား ၁၆ ဦး၊ ကျောင်းသူ ၃၁ ဦးစုစုပေါင်း ၄၇ ဦးတို့သည် ကျန်ရှိနေသည့် ကျောင်းဆောင်တွင် စုပေါင်းပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**





ယမန်နှစ်က မြေနုကျွန်းကျေးရွာ ရေကြီး၊ ရေလျှံမှု မြင်ကွင်း။

# ပိုလ်ချုပ်အောင်ဆန်းပြတိုက်အား အထူးသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၁**

(၆၈)နှစ်မြောက် အာဇာနည်နေ့အကြို ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ရဟန်းရှင်လူပြည်သူအများ လာရောက်ကြည့်ရှု လေ့လာကြသည့်အခါ စိတ်ချမ်းမြေ့စွာရှိစေရေးအတွက် ဇူလိုင် ၁၁ ရက်က အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီနှင့် ဗဟန်းမြို့နယ် စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းစီစဉ်ကာ အထူးသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

"ပြတိုက်ဧရိယာက ၂ ဒသမ ၄၂ ဧကကျယ်ဝန်းပြီး သစ်ပင်ပန်းမန်တွေနဲ့ဥယျာဉ်ကြီးသဖွယ် ဖြစ်နေတာကြောင့် မြက်ချုံတွေခုတ်ထွင်ရတယ်။ သစ်ပင်ကိုင်းဖျား ကိုင်းနားတွေ ခုတ်ထွင်လိုက်တော့ ပြတိုက်တစ်ဝင်းလုံး ရှင်းလင်းသွားပြီး ရဟန်းရှင်လူ ပြည်သူတွေနဲ့ နိုင်ငံခြားသားကအစ လာရောက်လေ့လာတဲ့အခါ စိတ်ကြည်လင်သွားတာပေါ့။ ပြီးတော့ ကျေးဇူးရှင် လွတ်လပ်ရေး ဖခင်ကြီးကိုလည်း အမြဲတမ်း သတိရစေတာပေါ့"ဟု ဗိုလ်ချုပ်အောင်ဆန်းပြတိုက် တာဝန်ခံ ဦးစီးအရာရှိ ဦးကျော်အေးက ရှင်းပြသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးခင်လှိုင်နှင့် ခရိုင်/မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးတို့က လာရောက်ကြည့်ရှုကာ ပြတိုက်ဝင်းအတွင်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ဥတ္တရာသီ တောကိုမှီ၏

(၁၉၇)

# ရွှေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၁**

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဗဟိုလမ်းဆောက်လုပ်ရေး ပင်မယန္တရား(တောင်)ခန်းမ၌ အင်းစိန်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော မြို့နယ်နှင့် ရပ်ကွက်အဆင့် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းသို့ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်မှ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်သင်တန်းသား သင်တန်းသူ ၁၂၆ ဦး တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် အရေးပေါ် အခြေအနေများဖြစ်ပေါ်လာလျှင် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံမှုများကို ဆွေးနွေးပို့ချခဲ့သည်။

(၆၈၄)

## ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၏ လူဦးရေနှင့် လူမှုစီးပွားအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ မြို့သစ်တိုးချဲ့မှုကို လက်ရှိ ရန်ကုန်မြို့၏ အနောက်ဘက်၊ ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းအကြား၊ လှိုင်မြစ်နှင့် လှိုင်သာယာ-တွံတေးကားလမ်းအကြား မြေနေရာများကို လျာထားပါသည်။

၂။ အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းအတွက် နိုင်ငံသား Developer ကိုရွေးချယ်ရန် အောက်ပါ အခြေခံအချက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြသွားရန် ဖြစ်ပါသည်-

(က) ကုမ္ပဏီဆိုင်ရာအချက်အလက်များ။
(ခ) ရင်းနှီးမြှုပ်နှံမည့်ငွေကြေးအစီအစဉ်။
(ဂ) နည်းပညာအကူအညီရယူဆောင်ရွက်မည့်အစီအစဉ်။
(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အစီအစဉ် (လုပ်ငန်း/ကာလ)။
(င) ပြည်သူလူထုအတွက် လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်ပေးမည့်အစီအစဉ်။
(စ) အထူးဖော်ပြလိုသည့် အချက်များ။

၃။ အဆိုပြုတင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ်(၅၀၀၀ဝိ/-)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ၂၁-၇-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါအာမခံစပေါ်ငွေ ကျပ်၅ဘီလီယံ ပေးသွင်းထားသည့် ချလန်မူရင်းကို အဆိုပြုတင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၅။ အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ခြင်းကို ၁၈-၈-၂၀၁၅ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပြုတင်ဒါလျှောက်လွှာများကို ချိပ်ပိတ်စာအိတ်ဖြင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ရှေ့မှောက်တွင် တင်သွင်း၍ မှတ်ပုံတင်သွားရန်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးလုပ်ငန်းအဖွဲ့**

## ဘတ်စ်ကားဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီအတွက်လိုအပ်သည့် ဘတ်စ်ကားအသစ်များကို တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

၂။ သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ၁၇-၇-၂၀၁၅ ရက် နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၄။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်(ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/newsတွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

# အမျိုးသမီးများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအလေးထားဆောင်ရွက်ပေးရမည်



**နေပြည်တော် ဇူလိုင် ၁၁**

လူဦးရေဆိုင်ရာလုပ်ငန်းများကို အသိပညာပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လူဦးရေသန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ်မှစတင်ပြီး ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ " **Vulnerable Populations in Emergencies" "ထိခိုက်လွယ်သူ၊ ဖေးမကူ၊ အရေးပေါ်ဟူက စောင့်ရှောက်ကြ"**ဟူ၍ ဖြစ်သည်။

ယခုနှစ်ကမ္ဘာ့လူဦးရေနေ့တွင် အဓိကပေးလိုသည့် သတင်းအချက်အလက်မှာ **"အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဂုဏ်သိက္ခာ၊ လုံခြုံမှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်တိုင်းရရှိရေးနှင့် အမျိုးသမီးတစ်ဦး၏ အသက်တစ်ချောင်းသည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို ခြွင်းချက်မရှိ တန်ဖိုးရှိနေစေရမည်"** ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အရေးပေါ်အခြေအနေကျရောက်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပိုမိုထိခိုက်နိုင်ပြီး ယင်းတို့၏အမှန်တကယ်လိုအပ်ချက်များကို လျစ်လျူရှုခံနေရပါကြောင်း၊ ယနေ့ကမ္ဘာ့လူဦးရေမှာ သန်း ၇၃၀၀ ကျော်ရှိပြီး လူဦးရေတိုးတက်မှုနှင့်အတူ စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ အရေးပေါ် အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေး ပြဿနာများကြောင့် အမျိုးသမီးများမှာ အများဆုံးထိခိုက်ခံစားရကြောင်း၊ လေ့လာတွေ့ရှိချက်အရ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရသည့် လူဦးရေ၏ လေးရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ရှိလာနိုင်ပြီး ၁၅ ရာခိုင်နှုန်းခန့်မှာ ရှုပ်ထွေးသည့် မျိုးဆက်ပွားကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ရသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခအငြင်းပွားမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူဦးရေသန်း ၅၀ ကျော်မှာ ၎င်းတို့၏နေအိမ်မှ ထွက်ပြေးတိမ်းရှောင်နေကြရပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်သည့် လူဦးရေ၏လေးပုံသုံးပုံမှာ အမျိုးသမီးများနှင့်ကလေးများပင်ဖြစ်ပြီး လာမည့်နှစ်တွင် ၇၈ သန်းအထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း။

သို့ဖြစ်၍ အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် လိုအပ်ချက်များကို အထူးအလေးပေး ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာ မကောက်ယူနိုင်ခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာကောက်ယူနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်သည့်အတွက် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကရရှိသည့် သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ကိုးသိန်းကျော်ရှိပြီး မွေးဖွားမှုပြဿနာကြောင့် သေဆုံးရသည့်မိခင် ၂၀၀၀ ကျော်ခန့်ရှိသည်ဟု သိရှိရပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းတွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၆၂ ဦး သေဆုံးသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး သေဆုံးနှုန်းမြင့်မားနေဆဲဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုအလေးထားဆောင်ရွက်ပေးရမည်ဆိုသည်မှာ ပေါ်လွင်ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၄ ခုနှစ်တွင် အမျိုးသားအဆင့်၊ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် **"ထိခိုက်လွယ်သူ၊ ဖေးမကူ၊ အရေးပေါ်ဟူက စောင့်ရှောက်ကြ"**နှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) တို့မှ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့မှ လူဦးရေနှင့်သန်းခေါင်စာရင်းဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ယနေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မချမ်းသာမြို့နယ်၌ ပံ့ပိုးချေးငွေ ထုတ်ချေးပေး

**မချမ်းသာ ဇူလိုင် ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းများသို့ EXIM Bank ပံ့ပိုးချေးငွေထုတ်ချေးပေးသည့် အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီတွင် မချမ်းဘောမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်မောင်းက EXIM Bank ထုတ်ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မချမ်းဘောမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတူးရိန်က EXIM Bank ချေးငွေထုတ်ယူသော သမဝါယမအသင်းအခြေအနေများ ရှင်းလင်းတင်ပြပြီး EXIM Bank ချေးငွေများအား အခြေခံသမဝါယမအသင်းများသို့ ဆက်လက်ထုတ်ချေးပေးခဲ့သည်။

မချမ်းဘောမြို့နယ်တွင် အခြေခံသမဝါယမအသင်းရှစ်သင်း၊ အသင်းသားဦးရေ ၁၄၈ ဦး၊ လယ်ယာစိုက်ပျိုးဧက ၃၃၈ ဒသမ ၈၈ ဧကအတွက် EXIM Bank ချေးငွေစုစုပေါင်း ကျပ်သိန်း ၁၄၀ ကျော်ကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၆၀) ပြည့်အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညွန့်ထွန်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ထောင်လွှန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား ဩစတြေးလျားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား ဩစတြေးလျားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်အား ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပါကစ္စတန်ဝန်ကြီးချုပ်၏ ဖိတ်ကြားချက် အိန္ဒိယဝန်ကြီးချုပ်လက်ခံ



အူဖာ(ရုရှား) ဇူလိုင် ၁၁

**ရုရှားနိုင်ငံ အူဖာမြို့၌ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်တို့ သီးခြားတွေ့ဆုံကြသည်။ ရှရစ်ဖ်က နောက်နှစ်တွင် အစ္စလာမ္မာဘတ်မြို့၌ ကျင်းပမည့်ဒေသဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် မိုဒီအား ဖိတ်ကြားခြင်းကို ၎င်းက လက်ခံခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။**

မိုဒီသည် ယမန်နှစ်က ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ချိန်မှ စတင်၍ ဤခရီးစဉ်သည် ပါကစ္စတန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်မည့် ခရီးစဉ်ဖြစ်သည်။

လွန်ခဲ့သောနှစ်၌ အတွင်းဝန်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံဘက်မှ ဖျက်သိမ်းခဲ့ပြီး နယ်စပ်ရန်လိုမှုများ မြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံခေါင်းဆောင်များသည် ဇူလိုင် ၁၀ ရက်နေ့တွင် ရုရှားနိုင်ငံ၌ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ အခြေစိုက်သည့် စစ်သွေးကြွများ၏ လက်ချက်ဖြစ်သည်ဟု အပြစ်တင်ထားသည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုအား တရားရုံးတွင် စစ်ဆေးနေခြင်းကို ဆောလျင်စွာ ပြီးဆုံးရန် ၎င်းခေါင်းဆောင်နှစ်ဦးက လိုလားကြသည်။

အဆိုပါ တိုက်ခိုက်မှုကို နောက်ကွယ်မှ ကြိုးကိုင်စီစဉ်သူဟု သံသယရှိသည့် ဇာကီယာ ရာမန်လက်ဗီကို ဧပြီလအတွင်းတွင် ပါကစ္စတန် အကျဉ်းထောင်မှ အာမခံဖြင့် လွှတ်ပေးခဲ့သည်။ ယင်းဖြစ်စဉ်ကို အိန္ဒိယအစိုးရက စိတ်ပျက်ဖွယ်ရာဖြစ်သည်ဟု ပြောဆိုခဲ့သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း "ချန်ဟုမ်" တိုက်ခတ်



**ဟန်ကျိုး ဇူလိုင် ၁၁**

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း "ချန်ဟုမ်" တိုက်ခတ်မှုကြောင့် ကျယ်ကျန်းခရိုင်အပါအဝင် အနီးတစ်ဝိုက်ရှိ ခရိုင်၊ မြို့များတွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်းသိရသည်။

ယခုနှစ်အတွက် ကိုးကြိမ်မြောက်ဖြစ်သည့် တိုင်ဖုန်းမုန်တိုင်း ချန်ဟုမ်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၅မိုင်ရှိပြီး ယနေ့ညနေပိုင်းတွင် ကျိုးရှန်မြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ခရိုင်မိုးလေဝသနှင့်ဇလဗေဒဌာနကဆိုသည်။

ကျယ်ကျန်းခရိုင်တွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် လေကြောင်းခရီးစဉ်များနှင့် အဝေးပြေးမော်တော်ယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရကြောင်း ဒေသန္တရအာဏာပိုင်များကဆိုသည်။

ယခုအချိန်ထိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အသေအပျောက်စာရင်း အတိအကျကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ မုန်တိုင်းတိုက်ခတ်ခဲ့သည့် ခရိုင်များရှိ ရွာများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။ ယင်းနေရာများတွင် လျှပ်စစ်မီးလိုင်းများ ဖြတ်တောက်ထားပြီး မော်တော်ယာဉ်လမ်းကြောင်းများကိုလည်း ယာယီပိတ်ထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နင်ပေါ် ခရိုင်ရှိ ရွာပေါင်း ၁၃၉ ရွာတွင် နေထိုင်ကြသည့် အိမ်ထောင်စု ၂၀၀၀၀ ကျော်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အားလိုင်းလည်း ပြတ်တောက်သွားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်ခဲ့သည့် ခရိုင်ကိုးခုတွင် မိုးရေချိန် ၁၀၀ မီလီမီတာအထက်သို့ ရောက်ရှိခဲ့ကြောင်း ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုကာကွယ်ရေးခရိုင်ဌာနချုပ်က ထုတ်ပြန်ကြေညာသည်။

ယင်းခရိုင်များရှိ ပြည်သူ တစ်သန်းကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားပြီးဖြစ်သည်။ ဟန်ကျိုး၊ နင်ပေါ်၊ ဝမ်ကျိုးနှင့် တိုင်ကျိုးမြို့များရှိ လေကြောင်းလိုင်း ခရီးစဉ် ၆၀၀ ကျော်ကို ယာယီဖျက်သိမ်းခဲ့ရပြီး သင်္ဘောခရီးစဉ်များလည်း နှောင့်နှေးခဲ့ရသည်။ ထို့ပြင် ဟန်ကျိုးနှင့် နင်ပေါ်မြို့များသို့ ပြေးဆွဲနေသည့် အမြန်ရထားများလည်း ယာယီရပ်ဆိုင်းခဲ့ရသည်။

ကျန်းစုခရိုင်ရှိ လူပေါင်း ၄၆၀၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ထားပြီး နန်ကျင်းနှင့် နန်ထုံးမြို့များရှိ လေကြောင်းလိုင်းများနှင့် သင်္ဘောခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ။**

# အမေရိကန်ကြည်းတပ်တွင် တပ်သားများ သေကြောင်းကြံစည်မှုနှုန်း တိုးလာ

**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်တပ်မတော်အတွင်း၌ တပ်သားများ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုနှုန်းသည် ၂၀၁၅ ခုနှစ် ပထမသုံးလတာကာလအတွင်း အနည်းငယ် တိုးမြင့်လာကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသည်။

၂၀၁၄ ခုနှစ် ပထမသုံးလပတ်ကာလနှင့် နှိုင်းယှဉ်ပါက တပ်သားများ၏ သေကြောင်းကြံစည်မှုမှာ ၁၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ၂၀၁၄ ခုနှစ် ပထမ သုံးလပတ်ကာလတွင် သေကြောင်းကြံစည်မှု ၂၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုနှစ် ပထမသုံးလပတ်၌ တာဝန်ထမ်းဆောင်ဆဲ အမေရိကန်တပ်ဖွဲ့ဝင် ၃၀ သေကြောင်းကြံစည်ခဲ့သည်။

အမေရိကန် ကြည်းတပ်၏ အမျိုးသား အစောင့်တပ်ဖွဲ့နှင့် အမျိုးသားလေကြောင်း အစောင့်တပ်ဖွဲ့များတွင်လည်း တပ်သားများ သေကြောင်းကြံစည်မှုမှာ ၂၀၁၄ ခုနှစ် ပထမသုံးလပတ်ထက် ၂၀၁၅ ခုနှစ် ပထမသုံးလပတ်တွင် ပိုမိုများပြားလာကြောင်း သုံးလတစ်ကြိမ် ထုတ်ပြန်သည့် သေကြောင်းကြံစည်မှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ဂျပန်နှင့် တောင်ကိုရီးယား ဆက်ဆံရေး မြင့်မားစေလိုကြောင်း နှစ်နိုင်ငံပါလီမန်အမတ်များအား ဝန်ကြီးချုပ်အာဘေးပြော

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်မြင့်မားမှုကို မိမိတွေ့မြင်လိုကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြို့တော်တိုကျို၌ ဇူလိုင် ၁၀ ရက်က ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံပါလီမန်အမတ်များအား တိုက်တွန်းလိုက်သည်။

ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် အလားအလာများ ရှိနေချိန်တွင် အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် ဆက်ဆံရေးခေတ်သစ်တစ်ရပ်ကို တည်ဆောက်လျက်ရှိကြောင်း၊ တောင်ကိုရီးယား သမ္မတ ပါ့ခ်ဂွန်ဟေးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိလိုလားကြောင်း နှစ်နိုင်ငံပါလီမန် အမတ်များထံ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဂျပန်နှင့်တောင်ကိုရီးယား သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို လွန်ခဲ့သည့် လနှောင်းပိုင်းက တိုကျိုနှင့် ဆိုးလ်တို့တွင် သီးခြားစီ ကျင်းပခဲ့ကြသည်။

ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့မှ ပါလီမန်အမတ်များ၏ တွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထင်ဟပ်လျက်ရှိသည်။

ဝန်ကြီးချုပ် အာဘေးနှင့် သမ္မတပါ့ခ်တို့ အာဏာရရှိလာခဲ့ပြီးချိန်နောက်ပိုင်း သီးသန့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပနိုင်ခြင်း မရှိသေးပေ။

နှစ်နိုင်ငံ ပိုင်နက်နယ်မြေ အငြင်းပွားမှုနှင့် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့၏ ပြုမူဆက်ဆံခဲ့ပုံများနှင့် ပတ်သက်၍ တောင်ကိုရီးယားလူမျိုးတို့ အမြင်မကြည်လင်မှုတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အတားအဆီးများ ဖြစ်ပေါ်ခဲ့ရသည်။

**ကျိုဒို။**

# တရုတ်နိုင်ငံ၏ ပထမဆုံးလေယာဉ်ဖျက်စက်ရုံ လုပ်ငန်းစတင်လည်ပတ်တော့မည်

**ဟာဘင်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်ဖျက်စက်ရုံမှာ လုပ်ငန်းစတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ဟာဘင်းမြို့တော်အစိုးရက ပြောကြားသည်။



ဟာဘင်းမြို့တော်အစိုးရ၏ အဆိုအရ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံထားသော အဆိုပါ စက်ရုံမှာ အနားပေးထားသည့် အရပ်ဘက်လေယာဉ်များ ဖျက်သိမ်းရာ ကမ္ဘာ့အကြီးဆုံးစက်ရုံများအနက် တစ်ခုဖြစ်လာမည်ဖြစ်ပြီး တစ်နှစ်လေယာဉ်အစင်း ၅၀ ဖျက်သိမ်းနိုင်ရန် ဒီဇိုင်းပုံဖော်တည်ဆောက်ထားသည်။

ယင်းလေယာဉ်ဖျက်စက်ရုံတည်ဆောက်ရန် ဟာဘင်းမြို့တော်ရှိ လေဆိပ်အနီး၌ ၃၀ ဟက်တာရှိသော မြေကွက်တစ်ကွက် ဝယ်ယူခဲ့ပြီး China Aircraft Leasing Group Holding Ltd က ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ်နှောင်းပိုင်းက စတင်ခဲ့သော လေယာဉ်ဖျက်စက်ရုံတည်ဆောက်ရေးစီမံကိန်းမှာ တရုတ်နိုင်ငံ၏ အရှိန်အဟုန် ကောင်းမွန်လာသော လေကြောင်းပျံသန်းရေးလုပ်ငန်းမှ မြင့်မားလာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။

ယခင်က ယင်းသို့သော စက်ရုံများ မရှိသောကြောင့် တရုတ်နိုင်ငံက အသုံးမပြုတော့သည့် လေယာဉ်များကို ဖျက်သိမ်းရန် အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရသည်။

**ဆင်ဟွာ။**

▢▢

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်)**

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို
ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ၁၀ တွင်ပါရှိသော **"နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုလွှတ်တော်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

## ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေသည့် ပြစ်မှုကျူးလွန်သော စစ်သည်အား ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၁**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ဗန်းမော်မြို့နယ်ရှိ တပ်ရင်းတစ်ရင်းမှ စစ်သည်တစ်ဦးသည် ဧပြီ ၁၃ ရက် ညပိုင်းတွင် တပ်ရင်းဌာနချုပ်အနီးရှိ ကျေးရွာမှ အသက်(၇၃)နှစ်အရွယ် အဘွားအိုတစ်ဦးတည်း နေထိုင်သော နေအိမ်သို့ သွားရောက်ခဲ့ရာ ရွာသူရွာသားများက ဝိုင်းဝန်းဖမ်းဆီးပြီး နေအိမ်ကျူးကျော်ဝင်ရောက်မှု၊ သားမယားပြုကျင့်ရန်ကြံစည်မှုနှင့် သတ်ဖြတ်ရန်ကြိုးစားမှုတို့ဖြင့် စွပ်စွဲခံရသည်။

သို့ဖြစ်၍ တပ်မတော်မှ ၎င်းစစ်သည်အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် စွပ်စွဲသည့်အတိုင်း ပြစ်မှုကျူးလွန်ခြင်း ရှိ၊ မရှိ စစ်ဆေးနေစဉ် ဗန်းမော်မြို့တွင် ကချင် နှစ်ချင်းခရစ်ယာန်အသင်း (KBC) မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ် စီတန်းလှည့်လည်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဖြစ်စဉ်အား စစ်ဆေးခဲ့ရာ ၎င်းစစ်သည်မှာ ယခင်ကတည်းက ခင်မင်ရင်းနှီးစွဲရှိခဲ့သည့် နေအိမ်သို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သားမယားပြုကျင့်ခဲ့ခြင်း ရှိ၊ မရှိအား ကာယကံရှင်နှင့်စစ်သည်တို့ကို ဆေးစစ်ဆေးခဲ့ရာတွင် (ဆေးမှတ်ချက်အပါအဝင်) သားမယားပြုကျင့်ခဲ့ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့သော်လည်း ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေနိုင်ပြီး အကြည်ညိုပျက်စေနိုင်သဖြင့် တပ်မတော်အက်ဥပဒေနှင့်အညီ စစ်တရားရုံးဖြင့် စစ်ဆေးခဲ့ပြီး ဇွန် ၂၂ ရက်တွင် ၎င်းစစ်သည်ကို ပြစ်မှု၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော နယ်ဘက် အကျဉ်းထောင်တွင် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်။

အဆိုပါ စစ်သည်အား စစ်တရားရုံးဖြင့် စတင်စစ်ဆေးချိန်မှစ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည့် နေ့အထိ နယ်ဘက်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ကျေးရွာမှ ရပ်မိရပ်ဖများ၊ တရားလိုဘက်ဆွေမျိုးများ၊ ကချင်နှစ်ချင်းခရစ်ယာန်အသင်း(KBC)နှင့် လူမှုရေးအသင်းအဖွဲ့များကို ဖိတ်ကြားတက်ရောက်စေပြီး ပွင့်လင်းမြင်သာစွာ စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေနိုင်သော၊ ပြည်သူနှင့် တပ်မတော်အကြား ယုံကြည်မှု ပျက်ပြားစေနိုင်သော၊ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ကိစ္စရပ်များကို ကျူးလွန်ပါက တပ်မတော်အနေဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

### ❖ ရွှေဖိုးမှ

နှုန်းထား ၁၁၂၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးမှာ ကျပ် ၁၃၄၀ သာရှိသည်။ ရန်ကုန်ဆီဈေးကွက်တွင် ဆီသိုလှောင်ကန်များမှ ဆီထုတ်ယူခွင့် စာရွက် D.O တစ်ပိဿာရောင်းဈေးမှာ ၁၄၃၅ ကျပ်ဖြစ်သည်ဟု ဆီအသင်း၏ နေ့စဉ်ဈေးနှုန်းသတင်းမှ သိရသည်။

ရန်ကုန်မြို့တွင်း ဆီသိုလှောင်ကန်များမှ ဘုရင့်နောင်ပွဲရုံဝင်းသို့ ဆီအသားအလေးချိန်ပိဿာ ၁၁၀ ဝင် စားအုန်းဆီ တစ်ပီပါလျှင် သယ်ယူကားခကျပ် ၆၀၀၊ ပွဲရုံချခ အပါအဝင်ဆိုလျှင် ကျပ် ၉၀၀ သာ ကုန်ကျသည်။ သယ်ယူစရိတ် အလုပ်သမားခ ဆီတစ်ပိဿာလျှင် ရှစ်ကျပ်ဝန်းကျင် ကုန်ကျ၍ ပွဲရုံဝင်းအတွင်း ပြန်လည်ရောင်းချရာတွင် အလှယ်တစ်ပိဿာ ၁၀ ကျပ်မှ ၁၅ ကျပ်အတွင်း ဈေးတင်ရောင်းချသည်။ ဇူလိုင် ၉ ရက်တွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အလှယ်ရောင်းချဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄၄၅ ကျပ်နှုန်း မြေပဲဆီလက်ကား တစ်ပိဿာ ကျပ် ၅၂၀၀ ရှိသည်ဟု စိန်ပန်းလမ်းအတွင်းရှိ စားသုံးဆီအရောင်းဆိုင်တာဝန်ခံ ဦးမျိုးက ပြောသည်။

စားအုန်းဆီ ပြည်ပမှတင်သွင်းရာတွင် ဝယ်ယူပြီး ၁၀ ရက်ဝန်းကျင်အကြာတွင် ပြည်တွင်းသို့ ရောက်ရှိလာသည်ဟု သိရသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဆိပ်ကမ်းရောက် အရင်းဈေးတစ်ပိဿာ ၁၃၃၆ ကျပ်ရှိစဉ် ရန်ကုန်အလှယ်ရောင်းဈေး ၁၃၄၃ ကျပ်သာရှိသည်။ ဧပြီ ၃၀ ရက်တွင် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၃၂၀ ကျပ်ရှိချိန် ရန်ကုန်အလှယ် တစ်ပိဿာ ရောင်းဈေး ၁၃၂၅ ကျပ်ရှိသည်။ မေ ၂၉ ရက်တွင် ဆိပ်ကမ်းရောက်အရင်းဈေး တစ်ပိဿာ ၁၄၁၄ ကျပ်ရှိချိန် ရန်ကုန်အလှယ်ရောင်းဈေး ကျပ် ၁၄၂၀ သာရှိသည်။ ဇွန် ၅ ရက်တွင် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၄၇၄ ကျပ်ရှိပြီး ရန်ကုန်အလှယ်ရောင်းဈေး ကျပ် ၁၅၁၀ ရှိသည်။

သို့သော် ဇူလိုင် ၁ ရက်တွင် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၃၉၂ ကျပ်ဖြစ်ချိန် ရန်ကုန် အလှယ်ရောင်းဈေး ၁၄၁၅ ကျပ်ဖြစ်သည်။ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ဆိပ်ကမ်းရောက်အရင်းဈေး တစ်ပိဿာ ကျပ် ၁၃၄၀ နှုန်းသာရှိချိန် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာ အလှယ်ရောင်းဈေး ၁၄၄၅ ကျပ် (D.O စာရွက်တစ်ပိဿာ ဈေးနှုန်း ၁၄၃၅ ကျပ်)အထိ မြင့်နေသည်ဟု နေ့စဉ် စားအုန်းဆီဈေးနှုန်းများ နှိုင်းယှဉ်ချက်မှ သိရသည်။

ပြည်ပမှ စားသုံးဆီတင်သွင်းရာတွင် လိုအပ်သော နိုင်ငံခြားသုံးငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း ဘဏ်များမှတစ်ဆင့် ဝယ်ယူခွင့်ရရှိနေချိန်တွင် ရန်ကုန်ဈေးကွက်၌ ပြန်လည်ရောင်းချနေသော စားအုန်းဆီဈေးနှုန်းများသည် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးများထက် မြင့်နေမှု ယခုလပိုင်းတွင် ရှိလာသဖြင့် ပြည်တွင်းတွင် ဝယ်ယူနေရသော စားအုန်းဆီဈေးနှုန်းများမှာ ယခင်လများနှင့် နှိုင်းယှဉ်ရာ၌ အရင်းဈေးနှုန်းထက် ပိုမိုမြင့်မားလာနေသဖြင့် လျှော့ကျရန် လိုအပ်လာသည်ဟု ဝယ်ယူသူများက ဆိုသည်။

**(မောင်စေအောင်)**



**တပ်မတော်သားများ မြဝတီ-သက်န်းညီနောင်-ကော့ကရိတ်လမ်းသစ်အား နယ်မြေရှင်းလင်းဆောင်ရွက်နေစဉ်။**
(မြဝတီ)

### ■ ကျောဖုံးမှ

အကြောင်းမဲ့ မင်းမဲ့စရိုက်ဆန်ဆန် ရပ်တန့်တားဆီးခဲ့သည်။ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းများ မပျက်စီးစေရေးနှင့် မလိုလားအပ်သော လက်နက်ကိုင်ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် မည်သည့်တုံ့ပြန်မှုမျှ မဆောင်ရွက်ဘဲ နောင်အလားတူ မပြုလုပ်ရေးကိုသာ အသိပေးပြောကြားခဲ့သည်။

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒေသလုံခြုံရေးစစ်ဆေးရန် အာရှလမ်းသစ်မှ သွားရောက်ရန်အတွက် ကြိုတင်အသိပေးအကြောင်းကြားပြီး တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်စဉ် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က အကြောင်းမဲ့ စတင်ပစ်ခတ်ခဲ့ခြင်းမှစ၍ ဇူလိုင် ၂ ရက်တွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

ယင်းနေ့မှစ၍ မြဝတီ-သက်န်းညီနောင်-ကော့ကရိတ်အာရှလမ်းသစ်နှင့် လမ်းဟောင်းတို့အား ကျော်သက်နှင့် စောဆန်းအောင် ဦးစီးလက်နက်ကိုင်အဖွဲ့မှ စတင်ပိတ်ဆို့ထားခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့အနေဖြင့် တပ်မတော်စစ်ကြောင်းအား စတင်ပစ်ခတ်ခဲ့သည့်အပြင် စစ်ရေးနှင့် မသက်ဆိုင်သော ချောင်းတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား လက်နက်ကြီးနှင့်ပစ်ခတ်ခြင်း၊ အစိုးရပိုင်ပစ္စည်းဖြစ်သော လှိုင်ကွယ်ကျေးရွာအနီး ရော်ဘာခြံအတွင်းရှိ အဆောက်အအုံ နှစ်လုံးအား မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ကော့ကရိတ်မြို့ လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများနှင့် ပစ်ခတ်ခြင်းများပြုလုပ်ခဲ့သည်။

မြဝတီ - သက်န်းညီနောင် - ကော့ကရိတ်လမ်းဟောင်းနှင့် အာရှလမ်းသစ်တို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု လမ်းဟောင်းပေါ်၌ ၁၉ ကြိမ်နှင့် အာရှလမ်းသစ်ပေါ်၌ အကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ ထိခိုက်ဒဏ်ရာအချို့ရရှိခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ အရှင်ဖမ်းမိ သုံးဦး၊ အလောင်း လေးလောင်း၊ လက်နက်မျိုးစုံ ခြောက်လက်၊ ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

တပ်မတော်အနေဖြင့် အများပြည်သူ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နယ်ခြားစောင့်တပ်များနှင့်ပူးပေါင်း၍ လမ်းသစ်လမ်းဟောင်း နှစ်ခုစလုံးအား ရှင်းလင်းခဲ့ရာ ဇူလိုင် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြဝတီ-သက်န်းညီနောင် - ကော့ကရိတ်လမ်းဟောင်းအား လည်းကောင်း၊ ဇူလိုင် ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လမ်းသစ်အား လည်းကောင်း ထိန်းချုပ်နိုင်ခဲ့ကာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှင့် အများပြည်သူ ပုံမှန်အတိုင်း သွားလာလျက်ရှိပြီး ဆုတ်ခွာထွက်ပြေးသွားသော ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အကြွင်းအကျန်များအား ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လူပြောများသော အမှားများ

**ကေကေ ( မဟာဝိဇ္ဇာ )**

အခြေခံမဲဆန္ဒရှင်စာရင်းတွင် အမှားတွေအများကြီးရှိသည်ဟု ဂျာနယ်နှင့်ပုဂ္ဂလိက သတင်းစာများက ရေးသားကြသည်။ အမှားရာခိုင်နှုန်းကို ၈၀ အထိ ပြောကြသည်။

ဧရာဝတီဂျာနယ်က ၉၀ ရာခိုင်နှုန်းအထိ ဆိုသည်။ ဤသို့အပတ်စဉ် ရေးဖန်များသောအခါ အခြေခံမဲဆန္ဒရှင်စာရင်းအပေါ် မဲဆန္ဒရှင်တို့က သံသယဝင်လာရုံသာမက အစိုးရ၊ လွှတ်တော်နှင့်ရွေးကောက်ပွဲကော်မရှင်ထိပ်ပိုင်းကိုပင် သတင်းတွေက ကိုင်လှုပ်နိုင်စွမ်းရှိလာသည်။ ငါ့စကောတပ်ကြီးချီလာပြီဆိုသော အနေအထားရောက်အောင် ဖန်တီးပြီးသောအခါတွင် အမှားတွေများလွန်းသော မဲစာရင်းဖြင့် ပြုလုပ်မည့်၂၀၁၅ ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ဟူသော လမ်းကြောင်းပေါ်သို့ လိမ္မာပါးနပ်စွာ ဆွဲခေါ်ယူသွားသည်။

မျှော်လင့်ချက်မရှိသော ရွေးကောက်ပွဲကို မဖြစ်စေချင်တာလား၊ ဖြစ်သည့်တိုင် တရားမျှတမှုမရှိကြောင်း ကြိုတင်ကာထားချင်တာလား အမျိုးမျိုးတွေးမိသည်။ အပြုသဘောပူးပေါင်းဆောင်ရွက်ပါက အမှားတွေ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု အော်နေရုံနှင့်မပြီးဘဲ ၎င်းအမှားအားလုံးကို ပြင်ဆင်ပေးမည့် ကော်မရှင်အဖွဲ့ခွဲတွေလက်ထဲ အချိန်မီရောက်အောင်ထည့်ပေးသင့်သည်။

တကယ်အလုပ်လုပ်နေသော အလယ်အလတ်ကော်မရှင်အဖွဲ့ခွဲများထံ အဆင့်တူချင်းလာရောက်၍ အခြေခံမဲဆန္ဒရှင်စာရင်း၏ သဘောသဘာဝ ၊ ရည်ရွယ်ချက်၊ ပြုစုပုံ ပြုစုနည်းအစရှိသည်တို့ကို မိမိတို့လုပ်ငန်းမစတင်မီ မေးမြန်းဆွေးနွေးညှိနှိုင်းသင့်သည်။ သဘောသဘာဝမတူသော အဖွဲ့နှစ်ခု ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် တစ်ဖွဲ့အကြောင်းတစ်ဖွဲ့ သိရမည်။ တစ်ဖွဲ့၏ အားနည်းချက်ကိုတစ်ဖွဲ့၏ အားသာချက်ဖြင့် ဖြည့်ဆည်းပေးရမည်ဟု ဖတ်မှတ်ဖူးသည်။

ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းသည် မှားတတ်သောသဘောရှိပေသည်။ မိမိနိုင်ငံထက် ရွေးကောက်ပွဲအတွေ့အကြုံရှိသော နိုင်ငံများမှာပင် ဤအမှားမကင်းနိုင်ချေ။ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများတွင် မဲဆန္ဒရှင်များအား မဲစာရင်းသွားရောက် ကြည့်ရှုရန်၊ မိမိနာမည်မပါလျှင် ပုံစံ - ၃ ဖြင့် မဲစာရင်းထည့်ပေးဖို့ တောင်းဆိုရန်၊ အချက်အလက်များမှားနေလျှင် ပြင်ဆင်ပေးဖို့ ပုံစံ-၄ (ဂ)ဖြင့် တောင်းဆိုရန်၊ မပါသင့်သူပါနေလျှင် ပုံစံ-၄ ဖြင့် ကန့်ကွက်ရန် ပြဋ္ဌာန်းထားခြင်းမှာ မှားတတ်သော သဘောရှိသောကြောင့်ဖြစ်၏။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြသကြေညာသောအခါ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် စာရင်းများဖြစ်ပါသည်ဟု မပြောခဲ့ချေ။ မှားတတ်သည်၊ မှားမည်ကို သိသောကြောင့် ဥပဒေပါအတိုင်း လာကြည့်ရန်လိုအပ်ပါက ပုံစံသုံးမျိုးကို အသုံးချ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ခိုင်းရန် သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ တက်ကြွသော အကူအညီဖြင့် မဲဆန္ဒရှင်များအား နှိုးဆော်အသိပေးခြင်းတို့ကိုသာ ဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ပြသကြေညာထားသည့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုသော မဲဆန္ဒရှင်အရေအတွက်၊ ပုံစံသုံးမျိုး အသီးသီးတင်သွင်းသော အရေအတွက်တို့ကိုမှတ်သားထားသည်။ စာရင်းမပိတ်နိုင်သေးသဖြင့် တိုင်းဒေသကြီးချုပ် ရလဒ်မပေါ်သေးသော်လည်း ပြီးစီးသမျှစာရင်းအရ ၁၅ ရာခိုင်နှုန်းခန့်ရှိနိုင်သည်။ အားလုံးပြီးစီးလျှင် ၂၀/၂၅ ရာခိုင်နှုန်းထက် ပိုမည်မထင်ပေ။ သို့ဖြစ်လျှင် အဘယ်ကြောင့် ရာခိုင်နှုန်း ၈၀/၉၀ ဖြစ်နေရပါသနည်း။

ဖြစ်နိုင်ခြေတွေထဲတွင် အဓိကအကျဆုံးမှာ တိုင်းတာသော ပေတံမှားယွင်းသောကြောင့်ဟု တွေးမိသည်။ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုသောလုပ်ငန်းကို အခြေခံမဲဆန္ဒရှင်စာရင်းပေတံဖြင့်တိုင်းမှ မှန်ကန်သောအမှားကို ရပါမည်။ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုသောလုပ်ငန်းကို အပြီးသတ်မဲဆန္ဒရှင် စာရင်းပေတံဖြင့် တိုင်းတာလျှင် အမှားတွေ ဖောင်းပွနေပေလိမ့်မည်။ ရှင်းပါမည်။ အခြေခံမဲဆန္ဒရှင်စာရင်း ( Basic Voters' List ) သည် ၂၀၁၅ ရွေးကောက်ပွဲတွင် အသုံးပြုရန် မဟုတ်ဘဲ ရွေးကောက်ပွဲရက်ကြေညာပြီးသည့်နောက် စတင်ပြုစုရမည့် အပြီးသတ်မဲစာရင်း ( Final Voters' List ) ပြည့်စုံ မှန်ကန်ရေးအတွက် အချိန်ယူ ကြိုတင်ပြုစုထားသောစာရင်းဖြစ်သည်။

အခြေခံမဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒနယ်အတွင်း အခြေချနေထိုင်သည်ဟု မှတ်ယူရမည်ဖြစ်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတွင် စာရင်းပေါက်သည့် အိမ်ထောင်စုစာရင်း ( ပုံစံ ၆၆/၆ ) ပါသူများကိုသာ ထည့်သွင်းပါသည်။ အိမ်ထောင်စု စာရင်းမရှိသူများ၊ ဧည့်စာရင်းဖြင့် နေထိုင်သူများ၊ မကြာခဏပြောင်းရွှေ့ရ တတ်သော တပ်မတော်သားများနှင့် မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မထည့်သွင်းသေးပါ။ အပြီးသတ်မဲဆန္ဒရှင်စာရင်းပြုစုသောအခါတွင်မူ ၎င်းတို့အားလုံး ပါသင့်ပါထိုက်သူအားလုံးကို ထည့်သွင်းမည်ဖြစ်သည်။

ဧည့်စာရင်းဖြင့် နေထိုင်သူများသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် အကျုံးမဝင်သေးကြောင်း၊ အိမ်ထောင်စုစာရင်းမရှိသူများသည် ၎င်းတို့ နောက်ဆုံးနေခဲ့သည့် မဲဆန္ဒနယ်တွင်သာ မဲစာရင်းပါမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဲဆန္ဒရှင် ပညာပေးအစီအစဉ်များတွင် ဖော်ပြခဲ့သည်။

သို့ဖြစ်ရာ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းကို အပြီးသတ်မဲဆန္ဒရှင်စာရင်းပြုစုပုံစံ ပေတံနှင့် တိုင်းခဲ့ပါလျှင် ကျန်ရစ်သူတွေ (အမှားတွေ)အလွန်များနေပေလိမ့်မည်။ အခြေခံမဲဆန္ဒရှင်စာရင်းတွင် မထည့်သေးသော သောင်းနှင့်ချီသည့် အင်အားများသည် အမှားတွေဖြစ်သွားနိုင်သည်။

မဲဆန္ဒရှင်အမည်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူလက်မှတ်အမှတ်၊ နေရပ်လိပ်စာတို့တွင် စာလုံးပေါင်းမှားခြင်း၊ အမည်လွဲခြင်း၊ ဂဏန်းမှားခြင်း၊ ကျန်ရစ်ခြင်း အစရှိသည်တို့မှာ အချက်အလက်မှားခြင်းဖြစ်သည်။ မဲဆန္ဒရှင်က အချက်အလက် မှားယွင်းမှုကို ပုံစံ- ၄(ဂ) ဖြင့် မတင်သွင်းသော်လည်း သိသာထင်ရှားသော သတ်ပုံသတ်ညွှန်းအမှား အရေးအကူး ချွတ်ယွင်းသောအမှား၊ မတော်တဆအမှားများကို မဲဆန္ဒရှင်စာရင်းပြုစုစဉ်နှင့် စစ်ဆေးစဉ်တွေ့ရှိက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က နည်းဥပဒေ ၁၃ (က) နှင့်(ခ)တို့အရ ပြင်ဆင်ပေးမည်ဖြစ်သည်။

တစ်ဖန်မဲပေးစဉ်တွင် အမည်(သို့မဟုတ်)နေရပ်လိပ်စာနှင့် စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့် သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံတင်ပြနိုင်သူရှိလျှင် မဲရုံမှူးက မှတ်တမ်းတင်ပြီး ပြင်ဆင်ပေးနိုင်ကြောင်း မဲရုံမှူးလုပ်ငန်း လမ်းညွှန် အပိုဒ် ၅ (ဂ)၊ (၁၆)တွင် ဖော်ပြထားသည်။

အသေးအဖွဲ့အမှားတိုင်းကို အမှားတစ်ခုအဖြစ် ရေတွက်ပါလျှင် မဲဆန္ဒရှင် သိန်းနှင့်ချီသော မြို့နယ်တစ်ခုတွင် မဲဆန္ဒရှင်စာရင်းပြုစုသူနှင့် အချက်အလက်ထည့်သွင်းသူတို့၏ ညောင်းညာသောအခါ ဖြစ်တတ်သော လူ့သဘာဝအမှား ( human error ) နှင့် မှိုငြမ်းပြုစုသော စာရင်း၏ မထင်ရှားမှုတို့အရ အမှားဒီဂရီသည် ပြဒါးတိုင်ထိပ်သို့တက်ပေတော့မည်။ ဤသေးဖွဲ့သော အမှားကလေးများသည် မဲပေးခြင်းကို မထိခိုက်စေနိုင်သောကြောင့် ဇာချဲ့ရန် မလိုအပ်ပေ။

မွေးရက်၊ မွေးလထပ်ခြင်းမှာ အမှားမဟုတ်ဘဲ မွေးရက်၊ မွေးလ မပြောနိုင်သော မဲဆန္ဒရှင်များကို မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်အောင် ရပ်ရွာခလေ့မှတ်ထုံးနှင့် ဆော့ဝဲနည်းပညာတို့အပ်စပ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ထပ်မံရှင်းလင်းပြရန် လိုမည်မထင်ပေ။ မဲဆန္ဒရှင်အချို့တွင် နိုင်ငံသား စိစစ်ရေးနံပါတ်မပါခြင်းမှာ ၎င်းတို့တွင် ယင်းကတ်ပြားမရှိသောကြောင့်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေး ကတ်ပြား (မှတ်ပုံတင်လက်မှတ်) မရှိသူသည် မဲစာရင်းတွင် မပါရ၊ မဲမပေးရဟုပြဋ္ဌာန်းချက်မရှိပါ။ သတ်မှတ်ရက်စွဲတွင် အသက် (၁၈) နှစ် ပြည့်သူသည် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ နှင့် ကိုက်ညီလျှင်၊ ပုဒ်မ ၇ နှင့် မငြိစွန်းလျှင်၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် အချက်အလက်ထည့်သွင်းခြင်း လက်စွဲစာစောင်နှင့် ညီညွတ်လျှင် မှတ်ပုံတင်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ၎င်း၏ အခွင့်အရေးမဆုံးရှုံးအောင် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်ပေးရပါသည်။

ထို့ကြောင့် မဲဆန္ဒရှင်၏ မှတ်ပုံတင်စာတိုင်၌ ကွက်လပ်ဖြစ်နေခြင်းသည်လည်း အမှားမဟုတ်ချေ။ ဒါတွေကို အမှားဟု ရေတွက်လျှင် အမှားတွေဖောင်းပွနိုင်ပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်မပါသူများကို မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေ ၇ တွင် ဖော်ပြထားသူများသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါဝင်နေခြင်း၊ မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းနှစ်နေရာတွင် ပါနေခြင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူကို မပယ်ဖျက်မိဘဲ ကျန်နေခြင်း အစရှိသဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းတွင် မပါသင့်သူများပါနေလျှင် ပုံစံ ၄ ဖြင့် ကန့်ကွက်ရသည်။

ထောင်ကျခြင်း၊ ရဟန်းဝတ်သွားခြင်း၊ နိုင်ငံခြားသားအဖြစ်ခံယူသွားခြင်း၊ မဲစာရင်းထပ်နေခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ယာယီသက်သေခံလက်မှတ်ကိုင်သူဖြစ်ခြင်း၊ စိတ်ပေါ့သွပ်သူဖြစ်ခြင်း၊ ကွယ်လွန်သွားခြင်းတို့ကြောင့် ကန့်ကွက်ကြောင်း တွေ့ရှိရသည်။ ကွယ်လွန်သူကို ကန့်ကွက်ခြင်းမှာ အများစုဖြစ်သည်။ အိမ်ထောင်စုစာရင်းတွင် ကွယ်လွန်သူကို တရားဝင်ဖျက်မထားလျှင် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါဝင်မည်ကို လက်ခံဖို့လိုသည်။ သဘောပြောရလျှင် မဲစာရင်းအကြိမ်တစ်ရာပြုစုလည်း ကွယ်လွန်သူသည် အကြိမ်တစ်ရာပါနေမည်ဖြစ်သည်။ အဓိကကျသောအချက်မှာ မဲဆန္ဒရှင်မိသားစုက ကွယ်လွန်သူကို မဲစာရင်းမှ တရားဝင်ဖျက်ထားရန် လိုအပ်သည်ဆိုသော အချက်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**



**အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းလုပ်ငန်း တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။**

**အသေးအဖွဲ့အမှားတိုင်းကို အမှားတစ်ခုအဖြစ် ရေတွက်ပါလျှင် မဲဆန္ဒရှင် သိန်းနှင့်ချီသော မြို့နယ်တစ်ခုတွင် မဲဆန္ဒရှင်စာရင်းပြုစုသူနှင့် အချက်အလက်ထည့်သွင်းသူတို့၏ ညောင်းညာသောအခါ ဖြစ်တတ်သော လူ့သဘာဝအမှား ( human error )နှင့် မှိုငြမ်းပြုစုသော စာရင်း၏ မထင်ရှားမှုတို့အရ အမှားဒီဂရီသည် ပြဒါးတိုင်ထိပ်သို့ တက်ပေတော့မည်။ ဤသေးဖွဲ့သော အမှားကလေးများသည် မဲပေးခြင်းကို မထိခိုက်စေနိုင်သောကြောင့် ဇာချဲ့ရန် မလိုအပ်ပေ။**

## ဆင်ပေါင်ဝဲမြို့ ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၁**

ဆင်ပေါင်ဝဲမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ဥပဒေရုံး၌ ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျာ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်တို့က အဆိုပါ ရုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းကြသည်။

ထို့နောက် မြို့နယ်ဥပဒေရုံးဝယ်ယူခြင်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်က ရှင်းလင်းပြောကြားပြီး သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေရုံး ဖွင့်ပွဲ အထိမ်းအမှတ် အလံများအား မြို့နယ်ဥပဒေအရာရှိ ဒေါ်ပြုံးသီရိဝေက ပေးအပ်ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးဇေယျာ၊ သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က လက်ခံရယူကြကြောင်း သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**

ပြည်တွင်းရေးရာ

# ရွှေတိဂုံပုံတူ မဟာကနက ရွှေစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးနှင့် လုပ်အားဒါနပြု



မြဝတီ ဇူလိုင် ၁၁

**ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သီဟာသနကုန်းတော်ပေါ်တွင်တည်ထားကိုးကွယ်ရန် တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံပုံတူ မဟာကနက ရွှေစေတီတော်ပုရိဝုဏ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးနှင့် စေတီတော်ကြီးတည်ဆောက်ရေးတွင် လုပ်အားဒါနပြုဆောင်ရွက်လျက်ရှိသည်။**(ယာပုံ)

လုပ်ငန်းများတွင် စုပေါင်းကူညီဆောင်ရွက်သည့် လုပ်အားဒါနပြုခြင်းကို ယနေ့ နံနက် ၇နာရီက ဆောင်ရွက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုပေါင်းပြီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

*** ရွှေဖုံးမှ**

အိမ်ထောင်သည်အမျိုးသမီးဖြစ်သည့်အပြင် ၎င်း၏ခင်ပွန်းဖြစ်သူမှာ ယာဉ်နောက်လိုက်တစ်ယောက်ဖြစ်သောကြောင့် အတိုက်အခံဖြစ်ပြီးမှ ယင်းအလုပ်ကိုလုပ်ကိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

"ကျွန်မအမျိုးသားကလည်း (၄၈) ယာဉ်လိုင်းမှာ ယာဉ်နောက်လိုက်ဆိုတော့ စလုပ်တုန်းက သဘောမတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်ကလည်း ယာဉ်နောက်လိုက်ဖြစ်နေတဲ့အတွက် သူ့မိန်းမကို တခြားယာဉ်နောက်လိုက်တွေ နောက်ပြောင်ကျီစယ်မှာကို လည်းစိုးတယ်။ စပြီးလုပ်တုန်းက လုံးဝကိုသဘောမတူတာ။ နောက်ပိုင်း ကျွန်မအမေကလည်း သူ့ကို နားဝင်အောင်ဝိုင်းပြောတော့မှ အဆင်ပြေသွားတာ" ဟု ခင်ပွန်းဖြစ်သူနှင့် အတိုက်အခံလုပ်ခဲ့ရပုံကို မမြတ်ရည်မွန်က ပြောသည်။

မမြတ်ရည်မွန်အနေဖြင့် ယင်းအလုပ်ကို စတင်လုပ်ကိုင်ခဲ့စဉ်က (၄၅) ယာဉ်လိုင်း၌မဟုတ်ဘဲ (၄၈) ယာဉ်လိုင်းတွင် လုပ်ကိုင်ခဲ့သည်။ ၎င်း၏ယာဉ်ပိုင်ရှင်ဖြစ်သူ မှာ (၄၈) ယာဉ်လိုင်း၊ (၁၂၄) ယာဉ်လိုင်းနှင့် (၄၅) ယာဉ်လိုင်း ယာဉ်လိုင်းသုံးလိုင်းကို ပြေးဆွဲနေသောကြောင့် (၄၈) ယာဉ်လိုင်းနှင့် (၁၂၄) ယာဉ်လိုင်းတို့တွင် အမျိုးသမီးယာဉ်နောက်လိုက်များကို စတင်ခန့်ထားခဲ့သည်။ စတင်ပြေးဆွဲစဉ်က အမျိုးသမီး ယာဉ်နောက်လိုက်ပေါင်း ၂၀ ကျော် ၃၀ ခန့်ရှိသော်လည်း နောက်ပိုင်းတွင် အလုပ်ထွက်သူများကြောင့် အမျိုးသမီးယာဉ်နောက်လိုက် ဦးရေမှာ ၁၀ ဦးခန့်သာရှိတော့သည်။

ယာဉ်ပိုင်ရှင်အနေဖြင့် အမျိုးသမီးယာဉ်နောက်လိုက်များကို စတင်အလုပ်ခန့်စဉ်က လခအနေဖြင့် တစ်လလျှင် ကျပ် ၂၄၀၀၀၀ ပေးခဲ့သော်လည်း နှစ်လခန့်ပေးပြီး နောက်ပိုင်းမှာတော့ ရရှိလာသည့် ဝင်ငွေပေါ်တွင် ရာခိုင်နှုန်းဖြင့်သာ ပေးချေတော့ကြောင်း မမြတ်ရည်မွန်ကဆိုသည်။ "လခနဲ့က ကျွန်မတို့ကို နှစ်လလောက်ခန့်လိုက်တယ်။ နောက်ပိုင်းမှာတော့ ခေါက်ကြေးတော့ မဟုတ်ဘူး။ ရတဲ့ဝင်ငွေပေါ်မှာ ရာခိုင်နှုန်းနဲ့ပေးတယ်။ ၃၀ ရာခိုင်နှုန်းပေ့ါ။ ၁၀၀၀၀၀ ဆို ၃၀၀၀၀၊ ယာဉ်နောက်လိုက်က ၁၅ ရာခိုင်နှုန်း၊ ယာဉ်မောင်းက ၁၅ ရာခိုင်နှုန်း" ဟု ၎င်းက ပြောသည်။

လခပေးသည့်စနစ်မှ ရာခိုင်နှုန်းနှင့် ပေးသောစနစ်ကို ပြောင်းလဲလိုက်သဖြင့် အမျိုးသမီးယာဉ်နောက်လိုက်များမှာ ဝင်ငွေလျော့ကျလာပြီး အဆင်မပြေမှုများ ကြုံတွေ့လာသောကြောင့် ယင်းအလုပ်မှ ထွက်သွားသူများလည်း ရှိကြောင်း မမြတ်ရည်မွန်က ဆက်ပြောသည်။

အမျိုးသမီးယာဉ်နောက်လိုက်များ၏ အလုပ်ချိန်မှာ နံနက် ၅ နာရီမှ ယာဉ်သိမ်းချိန် ည ၉ နာရီအထိဟုဆိုသော်လည်း ဂက်စ်ထည့်ခြင်း၊ ကားလမ်းပိတ်ခြင်းနှင့်ကားပျက်ခြင်းတို့ကြောင့် ည ၁၁ နာရီမှ အိမ်ပြန်ရသော နေ့များလည်းရှိသည်။

"မနက်ကို ၅ နာရီလောက် အရောက်သွားရတယ်။ ပုံမှန်ကတော့ ည ၉ နာရီလောက် ပြန်လာရပါတယ်။ တစ်ခါတလေ လမ်းမှာ ကားပျက်သွားလို့ရှိရင် စက်ပြင်ဆရာမလာသေးလို့ စောင့်ရတာနဲ့ ည ၁၁ နာရီလောက်မှ ပြန်ရတဲ့နေ့တွေရှိတယ်။ တစ်ခါတလေကျရင် တက္ကစီငှားပြီး ပြန်ရတာရှိတယ်။ အဲဒီလိုနေ့မျိုးကျရင် မနက်အစောကြီး ပြန်ထရတော့ ငြီးငွေ့တာပေ့ါ" ဟု မမြတ်ရည်မွန်က ဆိုသည်။

မမြတ်ရည်မွန် ယာဉ်နောက်လိုက်လုပ်နေသော (၄၅) အထူးယာဉ်လိုင်းမှာ နေ့စဉ် တညင်းကုန်းမှ ဆူးလေသို့ ပုံမှန်ရှစ်ကြောင်းနှုန်းဖြင့် ပြေးဆွဲလျက်ရှိသည်။ မမြတ်ရည်မွန်မှာ အလုပ်ကြိုးစားသူတစ်ဦးဖြစ်သောကြောင့် ၎င်းယာဉ်နောက်လိုက်လုပ်နေသော ယာဉ်လိုင်းတွင် ခရီးသည်ခေါ်ခြင်းနှင့် ကားခကောက်ယူခြင်းတို့ကို တစ်ဦးတည်းဒိုင်ခံလုပ်နေသူလည်းဖြစ်သည်။

ယာဉ်နောက်လိုက်အလုပ်ဆိုသည်မှာ မိုးရွာရွာနေပူပူ မိမိ၏ယာဉ်ခရီးသည်ရရှိရန် မှတ်တိုင်တိုင်းတွင် ခရီးသည်များကို ဆင်း၍ ခေါ်ယူရသည်။ ထိုသို့ ခေါ်ယူရာတွင်လည်း ယာဉ်နောက်လိုက်များမှာ မည်သည့်အကာအကွယ်ကိုမျှမသုံးဘဲ ခြစ်ခြစ်တောက်ပူနေသော နေရောင်အောက်တွင်လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းနေသည့် အချိန်၌လည်းကောင်း ခရီးသည်ခေါ်နေသည်ကို သင်တွေ့ဖူးလိမ့်မည်။ အဆိုပါ ယာဉ်နောက်လိုက်များထဲတွင် မမြတ်ရည်မွန်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

"မိုးရွာတော့လည်း ဒီလိုပဲ ခရီးသည်လိုချင်တော့ သူများကားနဲ့လုပြီး ခေါ်ရတယ်။ ဒီလိုလုပြီးခေါ်ရတော့ တစ်နေကုန်စိုတာပေ့ါ။ ထီးနဲ့ မိုးကာကလည်း မပါဘူး။ အေးကလည်းအေး။ ကားပေါ်မှာက အဲကွန်းကလည်း အေး၊ မိုးကလည်း အေးနဲ့ လူကိုတုန်နေတာပဲ" ဟု မိုးတွင်းမှာ အလုပ်လုပ်ရတာနဲ့ ပတ်သက်ပြီး မမြတ်ရည်မွန်က ပြောသည်။

မမြတ်ရည်မွန်တို့၏ ယာဉ်နောက်လိုက်အလုပ်တွင် အလုပ်နားရက် သတ်မှတ်ထားခြင်းမရှိသော်လည်း နေထိုင်မကောင်းဖြစ်လျှင် ယာဉ်ပိုင်ရှင်ထံသို့ ခွင့်ကြိုတိုင်၍ နားလို့ရကြောင်း ၎င်းက ဆက်ပြောသည်။

ရန်ကုန်မြို့ရှိ အခြေခံအမျိုးသမီးများမှာ နေ့စဉ်လိုင်းကားတိုးစီးရာတွင် နှမချင်းမစာနာသည့် ယာဉ်နောက်လိုက်များကြောင့် ကာယိန္ဒြေပျက်ပြားနေကြရသည်။ ကားဆင်း/ ကားတက်တွင် ယာဉ်နောက်လိုက်တို့၏ ပိုလွန်းသော အပြုအမူများကြောင့် အခြေခံအမျိုးသမီးအများစုမှာ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ မမြတ်ရည်မွန်အတွက်ကတော့ ထိုသို့မဟုတ်။ ၎င်းကိုယ်တိုင်မှာ ယာဉ်နောက်လိုက်ဖြစ်နေခြင်းကြောင့် အရက်သေစာသောက်စားထားသော ခရီးသည်များနှင့် တွေ့ဆုံလျှင် မည်ကဲ့သို့ ဖြေရှင်းရကြောင်းကို အောက်ပါအတိုင်း ပြောသည်။

"အရက်မူးသမားတွေ ယာဉ်ပေါ်တက်မယ်ဆိုရင် ယာဉ်မောင်းက ဘက်မှန်ကနေကြည့်ပြီး အချက်ပြတယ်။ ယာဉ်မောင်းက မတင်ခိုင်းရင် သူသွားချင်တဲ့ နေရာကို ကိုယ့်ကားက ရောက်တယ်ဆိုပေမယ့် မူးနေတော့ ယာဉ်ပေါ်က ခရီးသည်လည်း အနှောင့်အယှက်ဖြစ်တယ်။ ပြီးတော့ အဲကွန်းကားဆိုတော့ အရက်နံ့ဆို မရဘူး။ အဲဒါကြောင့် မရောက်ဘူးလို့ ပြောပြီး မတင်တော့ဘူး" ဟု မမြတ်ရည်မွန်က ဆိုသည်။

ယခုအချိန်မှာတော့ မမြတ်ရည်မွန်တစ်ယောက် ယာဉ်နောက်လိုက်လုပ်သက် တစ်နှစ်ကျော်ရှိလာပြီဖြစ်သည့်အပြင် ယာဉ်နောက်လိုက်တစ်ယောက်၏ ကျင့်ဝတ်နှင့် စည်းကမ်းများကိုလည်း ကောင်းမွန်စွာ နားလည်တတ်ကျွမ်းပြီး လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချနေသူတစ်ဦးလည်းဖြစ်သည်။

"ခရီးသည် စိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးရမယ်။ ခရီးသည်တွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ချိုချိုသာသာ ပြောရမယ်။ ကားအတက်အဆင်းဆိုလည်း ခရီးသည်တွေ အဆင်ပြေအောင်၊ ပြုတ်မကျအောင် ဂရုစိုက်ပြီးလုပ်ပေးရတယ်" ဟု ခရီးသည်များအပေါ် ၎င်း၏ ဝန်ဆောင်မှုကို ပြောသည်။

ရန်ကုန်မြို့၌ နေ့စဉ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများတွင် လုပ်ကိုင်နေသည့် ယာဉ်နောက်လိုက်အများစုမှာ ခရီးသည်များကို ဝန်ဆောင်မှုပေးရာတွင် မချေမငံ ပြောဆိုခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်း၊ မှတ်တိုင်မဟုတ်သည့် နေရာတွင် လူတင်၊ လူချပြုလုပ်ခြင်း စသည့် အပြုအမူများဖြင့် ဝန်ဆောင်မှုပေးနေသည်ကို သင်တို့လည်း ကြုံတွေ့ဖူးကြလိမ့်မည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ မမြတ်ရည်မွန်က "စည်းကမ်းပျက်နေတဲ့ ယာဉ်နောက်လိုက်တွေကို ပြောချင်တာကတော့ အတတ်နိုင်ဆုံးစည်းကမ်းလိုက်နာပါလို့ ပြောချင်ပါတယ်။ ခရီးသည်တွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ချိုချိုသာသာနဲ့ စိတ်ချမ်းသာအောင် ဆက်ဆံစေချင်ပါတယ်" ဟု ပြောသည်။

မမြတ်ရည်မွန်အနေဖြင့် စည်းကမ်းလိုက်နာရန် ပြောဆိုသကဲ့သို့ ၎င်း၏ လုပ်သက်တစ်နှစ်ကျော် သက်တမ်းအတွင်း ယာဉ်ထိန်းရဲ၏ ဖမ်းဆီးခံရမှုမှာ ခြောက်ကြိမ်ခန့်သာရှိပြီး ယာဉ်မောင်းယူနီဖောင်း မဝတ်ခြင်းနှင့် မှတ်တိုင်မရောက်မီ ခရီးသည်တင်မိခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"တစ်နှစ်ကျော်မှာ ခြောက်ခါလောက် အဖမ်းခံရတယ်။ ကိုယ့်ကြောင့်တော့ မဟုတ်ဘူး။ ယာဉ်မောင်းတွေကြောင့်ပါ။ ယူနီဖောင်း မဝတ်တာတို့၊ ရဲရှိတယ် မတင်နဲ့လို့ပြောပြီး မှတ်တိုင်မရောက်သေးဘဲ ခရီးသည် တင်လိုက်တာတို့ အဲလိုမျိုးတော့ အဖမ်းခံရတာတွေရှိတယ်" ဟု မမြတ်ရည်မွန်က ပြောသည်။

လူရယ်လို့ ဖြစ်လာလျှင် ယုံကြည်ချက်၊ ရည်မှန်းချက်ဖြင့် မိမိဘဝကို တည်ဆောက်ချင်ကြသည်။ မိမိ၏ ရည်မှန်းချက်များ မပြည့်ဝသေးသည့်တိုင် ယုံကြည်ချက်ဖြင့် အသက်ရှင်ကာ ပန်းတိုင်ရောက်ရန် ကြိုးစားနေကြသည်။ မမြတ်ရည်မွန်၏ ယုံကြည်ချက်နှင့် ရည်မှန်းချက်က အဘယ်နည်း။

"ခုလောလောဆယ်တော့ ယာဉ်နောက်လိုက်ဘဝပေ့ါ။ ကျွန်မ ယာဉ်မောင်းသင်နေတယ်။ ခုဆို ကျွန်မမှာ လိုင်စင်အနက်ရပြီ။ လိုင်းကားမောင်းဖို့အထိ စဉ်းစားထားပါတယ်" ဟု ၎င်း၏ ယုံကြည်ချက်ဖြင့် ဖြတ်သန်းချင်သည့် ဘဝကို ပြောသည်။


သို့သော် မမြတ်ရည်မွန်၏ ရည်မှန်းချက်ပန်းတိုင်မှာ ထိုအရာမဟုတ်။ ယာဉ်မောင်းဆိုသည့် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန် အစီအစဉ်မှာ လှေကားထစ်တစ်ခုမျှသာ ဖြစ်သည်။ ထိုသို့ဆိုလျှင် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်က မည်သို့နည်း။

"မိန်းကလေးတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင် ယာဉ်မောင်းတာက အဆင်မပြေဘူး။ ယာဉ်နောက်လိုက်အလုပ်ကလည်း ရေရှည်ဆို အဆင်ပြေမှာမဟုတ်ဘူး။ ကျွန်မပိုက်ဆံစုမယ်။ စုပြီးရင် ကိုယ်ပိုင်စီးပွားရေးတစ်ခုခုလုပ်မယ်လို့ စိတ်ကူးထားတယ်" ဟု မမြတ်ရည်မွန်က ဆိုသည်။

၂၁ ရာစုခေတ်တွင် ကျားမတန်းတူ အခွင့်အရေးများရရှိလာသည်။ ရှေးရိုးစွဲ ဖိုမခွဲခြားဆက်ဆံမှုများက ကမ္ဘာ့နေရာတော်တော်များများတွင် တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် ကဏ္ဍများတွင် အမျိုးသမီးများကပါ ဦးဆောင်ပါဝင်လှုပ်ရှားလာကြသည်။ ၂၁ ရာစုခေတ်တွင် အမျိုးသမီးအလုပ်၊ အမျိုးသားအလုပ်ဟူ၍ ခွဲခြားသတ်မှတ်မှုမျိုးက တဖြည်းဖြည်းရှားပါးလာသည်။ ထို့ကြောင့်လည်း ယခင်က အမျိုးသားများ လုပ်ကိုင်လေ့ရှိသော လုပ်ငန်းများတွင် အမျိုးသမီးများကပါ ဝင်ရောက်လုပ်ကိုင်လာသည်ကို တွေ့ရှိရမည်။ ထိုအထဲတွင် မမြတ်ရည်မွန်လုပ်ကိုင်နေသည့် ယာဉ်နောက်လိုက်အလုပ်မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ အလုပ်လုပ်ကိုင်နေရသည့် မမြတ်ရည်မွန်၏ ရင်တွင်းစကားကို နားထောင်ပြီးချိန်တွင် စိတ်ထဲ၌ ချီးကျူးနေမိပါတော့သည်။

"ယာဉ်နောက်လိုက်အလုပ်ကို ကျွန်မအနေနဲ့ အမျိုးသားတွေနဲ့ တန်းတူရင်ပေါင်တန်းပြီးလုပ်နိုင်တယ်ဆိုတာကို အမျိုးသားယာဉ်နောက်လိုက်တွေ သိအောင်လုပ်ပြနိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ပါတယ်။"




## လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာပီဂျီအေကကျင်းပမည့် Professional အဆင့် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း (ကျင်းအမှတ် ၁၀မှ ၂၇) တွင် ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားအားလုံးသည်အပျော်တမ်းအဆင့် (H’Cap 0-12) ရှိသူဖြစ်ရမည်။ အဆိုပါ လက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာပီဂျီအေပြိုင်ပွဲများတွင် Professional အဆင့်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၅၀၀၀၀ ပေးသွင်း၍ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထားကာ ဖုန်း -၀၉ -၂၀၃၇၆၇၁၊ ၂၆၂၅၅၂၄၅၂၊ ၀၉၂၅၄၇၂၅၀၈၁ တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

# လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင် မြှုပ်နှံစို့

သတင်းဆောင်းပါး
မိုးသူဇာစိုး
ဓာတ်ပုံ - ထိန်နန်နော်

**နေပြည်တော် ဇူလိုင် ၁၁**

ကမ္ဘာ့နိုင်ငံတိုင်းတွင် လူမှုဘဝ အခြေပြုဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးဖြစ်သည့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် ပညာရေးအဆင့်အတန်းကို ဦးစွာထည့်သွင်းစဉ်းစားကြသည်။

လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အဓိကကျကြောင်းကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဒေါက်တာ ဂျင်ရောင်ကင်က **ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ခိုင်မာသော စီးပွားရေးအသီးအပွင့်များကို မိသားစုများသာမက နိုင်ငံအနေဖြင့်ပါ ခံစားနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံခြင်းသည် အခြားမည်သည့် ကဏ္ဍအတွက်မဆို ကိုးဒေါ်လာမှ ဒေါ်လာ ၂၀ ပမာဏအထိ အကျိုးဖြစ်ထွန်းစေကြောင်း** မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် အလုံးစုံခြုံငုံသည့် ရည်မှန်းချက်ဖြစ်သည့် **၂၀၃၀ ခုနှစ်တွင် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်** (Universal Health Coverage) ရရှိအောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် ပြည်သူများကိုယ်တိုင် စိုက်ထုတ်သုံးစွဲ


မစ္စတာ အမ်မွန်မာဖီ။

ရသော ငွေကြေးကုန်ကျမှု အနည်းဆုံးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများကို နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာမှ ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ကျန်းမာသည့် အင်အားစုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းပြည်ပ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအရေးပါပုံနှင့် လက်တွေ့ကျသော ဆွေးနွေးမှုများမှ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ အကောင်အထည်ပေါ်လာနိုင်မှုနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစီအစမ်များတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်ဆောင်ရွက်သည့် အကူအညီအထောက်အပံ့များကို လိုအပ်သောနေရာများသို့ ရောက်ရှိအောင် နိုင်ငံတော်က အဓိကမောင်းနှင်သူနေရာယူပြီး နိုင်ငံတကာမှ ချမှတ်ထားသည့် ထောင်စုနှစ် ရည်မှန်းချက်များကဲ့သို့သော အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဖွံ့ဖြိုးမှု မိတ်ဖက်များအနေဖြင့် မိမိတို့ဆောင်ရွက်လိုသော စီမံချက်များ၊ ဦးစားပေးအစီအစဉ်များနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ရေးဆွဲညှိနှိုင်းခြင်းတို့ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နေပြည်တော်သဘောတူညီချက်ကို နှစ်ဖက်ပူးတွဲဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း** အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်ကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုဖြင့် ခံစားရရှိနေပြီဖြစ်သည်။ ပြည်သူများ၏ အားကိုးအားထားပြုရာ ဆေးရုံ၊ ဆေးခန်းနှင့် ဒေသန္တရ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်း အသီးသီးတို့တွင် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသည့် စရိတ်စကများကို လျှော့ချပေးနိုင်မှုအပေါ် ဝမ်းမြောက် ကြိုဆိုမှုများကိုလည်း တွေ့မြင်နေရပြီ ဖြစ်သည်။

ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၏ အသီးအပွင့်များကို ဝမ်းမြောက်ကြိုဆိုကြောင်းကို ယနေ့အချိန်တွင် ကျန်းမာရေးက အသုံးစရိတ်တိုးမြှင့်အသုံးပြုကာ တစ်ဖက်တွင်လည်း လူထုဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုအဖြစ် ပြောင်းနေကြောင်း၊ **အထူးသဖြင့် ပြည်သူ့ဆေးရုံကြီးများနှင့် ဆေးရုံများ တဖြည်းဖြည်းချင်း ပြောင်းလဲလာကြောင်း၊ ပြုပြင်မှုများ အားကောင်းပြီး အပြောင်းအလဲများ သိသာထင်ရှားလာကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲနေသူများနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် လူထုအကျိုးသယ်ပိုးနေသူများကို ချီးကျူးဂုဏ်ပြုကြောင်းနှင့် ယင်းသို့ဂုဏ်ပြုရန်လည်းလိုအပ်ကြောင်း၊** သို့မှသာ ၎င်းတို့၏ စေတနာနှင့်စွမ်းဆောင်မှုများ မည်မျှအထိ သက်ရောက်မှုရှိနေသည်ကို ကိုယ်တိုင်ပြန်လည်ကြားသိပြီး ပိုမိုအားထုတ် ကြိုးပမ်းနိုင်မည့် ခွန်အားပေးရာ ရောက်မည်ဖြစ်ကြောင်းဖြင့် သမ္မတရုံးမှ တာဝန်ရှိသူတစ်ဦး၏ လူမှုကွန်ရက် စာမျက်နှာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လုပ်ကိုင်နိုင်စွမ်းရှိသော စွမ်းဆောင်ရည်အပြည့်အဝရရှိနိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေအချိုးအစားကို လက်ရှိအချိန်တွင် ပိုင်ဆိုင်ထားသည်ဖြစ်ရာ ယင်းသို့ ရရှိလာသော လူဦးရေဆုလာဘ် (Population Bonus) အပေါ် ခေါင်းဆောင်မှု၊ နည်းပညာ၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံကောင်းများ ရရှိပါက တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်မည့် အလားအလာရှိကြောင်း နိုင်ငံတကာ သုတေသီတို့က ဟောကိန်းထုတ်ထားသည်။

UNAIDS ၏ ဌာနေညွှန်ကြားရေးမှူး မစ္စတာ အမ်မွန်မာဖီက “စင်ကာပူ၊ မလေးရှား၊ ကိုရီးယားနဲ့



ထိုင်းနိုင်ငံစတဲ့ အာရှကျားနိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုတွေအားလုံးက ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးမှုက စတင်ခဲ့ပါတယ်။ ကျန်းမာရေးနဲ့ ပညာရေးမှာ ရင်းနှီး


ဒေါက်တာ သက်ခိုင်ဝင်း။

မြှုပ်နှံခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံဖြစ်ပါတယ်။ နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းတွေက ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၀၃၀ ရည်မှန်းချက်တွေကို ထောက်ခံပြီး ကျန်းမာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုက အလွန်အရေးကြီးကြောင်း ဆိုချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံစရာ နေရာများစွာ ရှိနေတာကို နိုင်ငံတကာအဖွဲ့အစည်းတွေကို အသိပေးချင်ပါတယ်။ ဒါမှလည်း ကျန်းမာရေးကို အခြေပြုပြီး နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် အကူအညီတွေနဲ့ ထောက်ခံအားပေးသွားမှာ ဖြစ်ပါတယ်” ဟု မြန်မာကျန်းမာရေးဖိုရမ် ကျင်းပမည့် အကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက **“နိုင်ငံတော် အစိုးရက ကျန်းမာရေးကဏ္ဍမှာ ငွေကြေးအနေနဲ့ ဒေါ်လာသန်း ၇၀၀ ကျော်ကို ဒီနှစ်ဘတ်ဂျက်မှာ ရင်းနှီးမြှုပ်နှံမှာပါ။ ဒါက ပမာဏတစ်ခုသာဖြစ်ပြီး ကျန်တဲ့အပိုင်းတွေလည်း ရှိပါတယ်။ HR Training တွေဆိုရင် တွက်ချက်လို့မရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ အလားတူ ပညာသင်ဆုတွေ၊ အရည်အသွေးမြင့် သင်တန်းတွေ ဒါတွေကလည်း ကျန်းမာရေးကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပဲဖြစ်ပါတယ်”**ဟု ပြောသည်။

ကျန်းမာရေး ဝန်ကြီးဌာနနှင့် UNAIDS အဖွဲ့တို့ ပူးပေါင်း၍ **မြန်မာကျန်းမာရေးဖိုရမ် ( Myanmar Health Forum) ကို "Investing in Health: The key to achieving a people centred development" လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင် မြှုပ်နှံစို့”** ဟူသည့် ဦးတည်ချက်ဖြင့် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင်

- ကျန်းမာရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများ၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံရရှိရေးနှင့် အနာဂတ် အစီအစဉ်များ၊
- ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် ကျန်းမာရေး၏ အရေးပါမှုကို အလေးထားကာ ရင်းနှီးမြှုပ်နှံသင့်သည့် နယ်ပယ်များ၊
- ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို နိုင်ငံတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအား ဆွေးနွေးတင်ပြခြင်း၊
- ကျန်းမာရေးကဏ္ဍ အောင်မြင်မှု၊ ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို မီဒီယာများသို့ အသိပေးဖြန့်ဝေရေး ဟူသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ဖိုရမ်သို့ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေသူများ၊ ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အရပ်ဘက်အဖွဲ့အစည်း ၁၅၀ ခန့် နှင့် Stakeholder များ ပါဝင်သည့် လူဦးရေ ၇၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် ကျန်းမာရေးဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ခု ဖြစ်လာမည်ဖြစ်သည်။


ဒေါ်နွယ်ဇင်ဝင်း။

နောင်လာမည့် ၁၅ နှစ်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ရရှိခံစားရမည့် **လူတိုင်းနှင့် လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်**ကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အကြံပြုချက်များဖြင့်လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးကဏ္ဍတစ်ခုလုံးကို ခြုံငုံသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဖိုရမ်သည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးကဏ္ဍဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ဖိုရမ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် လက်ရှိဆောင်ရွက်နေသော လုပ်ဆောင်ချက်များကို ရှင်းလင်းသွားမည်ဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့ပြင် နှစ်ရက်တာ ကျင်းပမည့်ယင်းဖိုရမ်တွင် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရန် နိုင်ငံအလိုက် မတူညီသည့် ချဉ်းကပ်မှုများ၊ အတွေ့အကြုံများကို မျှဝေသွားမည်ဖြစ်သည်။

မြန်မာ ကျန်းမာရေးဖိုရမ်သည် **ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဖြင့် ကွန်ရက်ချိတ်ဆက်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းပြည်၏ မျိုးဆက်တစ်ဆက်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျုံးဝင်မှု အကောင်အထည်ဖော်မှုကို ရှေးရှုသည့် လမ်းကြောင်းပေါ်သို့ ပို့ဆောင်သွားမည်**ဟု ယုံကြည်ကြောင်း ပြည်ကြီးခင် မြန်မာကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အရပ်ဘက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ် ဒေါ်နွယ်ဇင်ဝင်းက ပြောသည်။

ဖိုရမ် ပထမနေ့တွင် "Health Sector Reform and Development Needs in Myanmar"နှင့် "Learning from other Countries-Significance Investing in Health for Economic Growth and Social Development" ဟူ၍ ကဏ္ဍနှစ်ခုဖြင့် ဆွေးနွေးမည်ဖြစ်ရာ ကျန်းမာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ အင်ဒိုနီးရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဆွစ်ဇာလန်နိုင်ငံများမှ ကျွမ်းကျင်သူ ပညာရှင်များလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ဒုတိယနေ့ ဆွေးနွေးမှုတွင် Governance and Partnerships for Health and Development ခေါင်းစဉ်ဖြင့် သမ္မတရုံးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ဦးဆောင်ဆွေးနွေးမှု အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ မြန်မာကျန်းမာရေးဖိုရမ် ကျင်းပနေစဉ်အတွင်း ကျန်းမာရေး ကဏ္ဍဆိုင်ရာ ပြခန်းပေါင်း ၅၀ ခန့် ခင်းကျင်းပြသထားမည်ဖြစ်သည်။

မြန်မာ့ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ တိုးတက်ဖြစ်ထွန်းမှုကို ပုံဖော်ပေးနိုင်မည့် မြန်မာကျန်းမာရေးဖိုရမ်မှတစ်ဆင့် ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ အဓိကလားရာလမ်းကြောင်းကို ရှေးရှုဆောင်ရွက်နိုင်စေကြောင်းဆန္ဒပြုရင်း **မြန်မာကျန်းမာရေးဖိုရမ်**ကို ကြိုဆိုလိုက်ပါသည်။

# ပြည်တွင်းရေးရာ

❐ ကျောဖုံးမှ



ဦးဘချစ်။



ဦးတင်အောင်သန်း။



ဦးသိန်းမြင့်မွန်။



ဦးလှရွှေ။



ဦးမြင့်ဦး။



ဒေါ်ထွေးရီ။

**ဦးဘချစ်၊ အသက်(၇၀)**
**ဝဲကြီးကျေးရွာ**

၁၉၈၆ခုနှစ်မှာ အဘက ဝဲကြီး ကျေးရွာမှာ ကောင်စီအတွင်းရေးမှူး ဆောင်ရွက်ခဲ့တယ်။ အဲဒီအချိန် တုန်းက မြေစာရင်းဌာနက ဒီလမ်းကို စတင်မယ်ဆိုပြီး မြေပုံတွေနဲ့ ပြသခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှသာ ကျေးရွာမြေသားလမ်းကို ကိုယ့်အားကိုယ်ကိုးနဲ့လုပ်ခဲ့တယ်။ အရင်က ပန်းချောင်းကျေးရွာကနေ ကျောက်တန်းကိုသွားချင်ရင် ဝဲကြီးကျေးရွာကို ကူးတို့ကူးရတယ်။ အခုတံတားကြီး ဆောက်ပြီးသွားတဲ့ အခါကျတော့ မိနစ် ၂၀၊ ၂၅ မိနစ်နဲ့ ကျောက်တန်းကို တိုက်ရိုက်သွားလာနိုင်တယ်။ အရင်ကဆိုရင် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို နီးလျက်နဲ့ဝေးနေတယ်။ တရားပွဲရှိရင်တောင် အဘတို့အနေနဲ့ မသွားနိုင်ဘူး။ အခုတံတားကြီး ဆောက်ပြီးတဲ့အခါကျတော့ ဘာသာရေး၊ သာသနာရေး ပွင့်လင်းလာပြီး သွားလာမှုလွယ်ကူလာတယ်။ ကျေးရွာသူ၊ ကျေးရွာသားတို့အတွက် ဖွံ့ဖြိုးမှု တိုးတက်လာတယ်။ ဒါကြောင့် ဝမ်းသာပါတယ်။

**ဦးတင်အောင်သန်း**
**မြို့နယ်ဦးစီးမှူး**
**(လက်ထောက်ညွှန်ကြားရေးမှူး)**
**ကျောက်တန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မွေးမြူရေး၊ရေလုပ်ငန်းနှင့်**
**ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

ဒီတံတားဖြစ်ပေါ်လာပုံကတော့ မြေသားလမ်းတာကြီးက ကျောက်တန်း ကနေ ဝဲကြီးအထိ၊ တစ်ဖက်ကမ်း တောင်ဘက်အခြမ်းဖြစ်တဲ့ ပန်းချောင်း ကနေ ဆင်မကော်တံတားမြို့ထိ ဆက်ထားတဲ့ မြေသားလမ်းက ၁၉၉၃ ခုနှစ်မှာ စတင်ပေါ်ပေါက်ခဲ့တာဖြစ် တယ်။ တာကြီးတည်ဆောက်ပြီးတဲ့ နောက်ပိုင်းမှာ လမ်းကိုအဆင့် မြှင့်တင်ဖို့နဲ့ တံတားတည်ဆောက်ဖို့ကို အဆင့်ဆင့်နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်း ဆောင်ရွက်ခဲ့ပေမယ့် မပေါ်ပေါက် နိုင်ခဲ့ဘဲနဲ့ အခုနိုင်ငံတော်အစိုးရသစ် တက်ပြီးနောက်ပိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်က ခွင့်ပြုတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာနက ပြည်ထောင်စုရန်ပုံငွေမှ ကျပ် သန်းပေါင်း ၄၄၀၀ (၄ ဒသမ ၄ ဘီလီယံ)ခွင့်ပြုခဲ့ပါတယ်။

တံတားအရှည် ပေ ၉၀၀၊ တံတား ချဉ်းကပ်လမ်း နှစ်ဖက်က ပေ ၁၈၈၀ ရှိပြီး ချဉ်းကပ်ဆက်စပ်တဲ့ ကွန်ကရစ် လမ်းက ပိလခက်နဲ့ ဝဲကြီးကျေးရွာက ၆ မိုင် ၄ ဖာလုံ ဟိုဘက်ကမ်းဖြစ်တဲ့ ပန်းချောင်း - ဆင်မကော် - တံတား မြို့ဆိုရင် ၄ မိုင် ၅ ဖာလုံ ဆက်စပ်တဲ့ လမ်းတွေကို အကောင်အထည်ဖော် နိုင်ခဲ့တယ်။တံတားကြီးနဲ့ပတ်သက်ပြီး ဒေသခံတွေအနေနဲ့ အိပ်မက်မက် ခဲ့တာကြာပါပြီ။ ဒီနေရာမှာ တံတားကြီး ပေါ်ပေါက်ခဲ့ရင် ကျောက်တန်း မြို့နယ်မှာရှိတဲ့ ဒေသတွင်းကျေးရွာ တောင်ပိုင်း၊ မြောက်ပိုင်းကွဲပြားနေ တာတွေက တစ်ဆက်တည်းဖြစ်သွား မယ်။ ဒေသခံတွေအိပ်မက်မက်ခဲ့တဲ့ တံတားကြီးက မမျှော်မှန်းခဲ့တဲ့ အချိန် ကာလတစ်ခုမှာ သိသိသာသာ ပေါ်ထွန်းလာတာကြောင့် သူတို့ အင်မတန်ဝမ်းသာနေကြတာပါ။

ကျောက်တန်းမြို့နယ်မှာ မြို့ပေါ်မှာ ဆိုရင် ကိုးရပ်ကွက်၊ တံတားမြို့မှာ လေး ရပ်ကွက်၊ ကျေးရွာအုပ်စု အားလုံး ပေါင်း ၄၄ အုပ်စု ကျေးရွာပေါင်း ၇၈ ရွာတည်ရှိမှု အနေအထားမှာ ကျောက်တန်းမြို့နယ်မှာရှိတဲ့ မှော်ဝန်း ချောင်းက အရှေ့နဲ့အနောက် ဖြတ်သန်း စီးဆင်းနေတာကြောင့် တောင်ခြမ်း နှင့် မြောက်ခြမ်းကို နှစ်ပိုင်းပိုင်းထား သလိုဖြစ်နေတယ်။

အခုမှော်ဝန်းတံတား ပေါ်ပေါက်လာ တယ်။ ဆက်စပ်တဲ့လမ်းတွေ ကောင်းမွန် လာတာကြောင့် ကျောက်တန်းမြို့နယ် တောင်ခြမ်းမှရှိတဲ့ မုတ္တမပင်လယ်ကွေ့ ဒေသတွင်းရှိ ကျေးရွာအုပ်စု ၃၂ စု၊ ကျေးရွာပေါင်း ၄၅ ရွာ၊ မြောက်ခြမ်း မှာရှိတဲ့ ကျေးရွာအုပ်စု ၁၂ စု ကျေးရွာပေါင်း ၂၆ ရွာက တစ်သား တည်း တစ်ဆက်စပ်တည်း လျင်မြန် လွယ်ကူစွာသွားလာနိုင်မယ်။

ဒီတံတားကြောင့် တောင်ဘက် ခြမ်းမှာရှိတဲ့ဒေသတွေ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုစီးပွားဘဝတွေ ပိုမိုကောင်းမွန် လာမယ်။ ဒေသခံတွေအနေနဲ့ အလုပ် အကိုင်အခွင့်အလမ်း လက်လှမ်းမီ လာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

အရင်က ကျောက်တန်းမြို့နယ် ကနေ နယ်တွေ၊ ရွာတွေသွားမယ် ဆိုရင် တံတားမြို့ကိုသွားရမယ်။ ကျောက်တန်းကိုသွားချင်ရင် ပန်းချောင်း ကနေတစ်ဆင့် မော်တော်နဲ့ကူးရတယ်။ ရေလမ်းခရီးနဲ့သွားရတယ်။ တံတား မြို့ကတစ်ဆင့် သုံးခွ၊ သုံးခွကနေ သန်လျင်၊ သန်လျင်ကနေ ကျောက်တန်း ကို ကုန်းလမ်းခရီးနဲ့ အဆင့်ဆင့်လာ ရတယ်။ ကျောက်တန်းနဲ့ တံတား မြို့ရဲ့ ကုန်းလမ်းခရီးအကွာအဝေး က အားလုံးပေါင်းကတ္တရာလမ်း ၃၇ မိုင်ရှိတယ်။ အခုမှော်ဝန်းတံတားကြီး ဖြတ်သန်းထိုးပေးထားလို့ ကျောက်တန်း မြို့နဲ့ တံတားမြို့ဟာ မိုင်အားဖြင့် ၁၅ မိုင်နဲ့ ၂ ဖာလုံသာကွာဝေးတာ ကြောင့် အချိန်ကာလတိုတောင်းစွာ သွားလာနိုင်တယ်။ ၂၂ မိုင်ကျော် သက်သာသွားမှာဖြစ်တယ်။ ခေတ် ကာလအခြေအနေအရ ဒေသ ထွက်ကုန်တွေထွက်ပေမယ့် ပင်လယ် ဒီရေအတက်အကျကြောင့် စီးပွားရေး လုပ်ငန်းတွေက ရေလမ်းမှ ကုန်းလမ်း အဆင့်ဆင့်ပြောင်းလဲပြီးသွားလာနေ ရတာကြောင့် ဈေးကွက်ကိုအချိန်မီ မရောက်ခြင်း၊ ပို့ဆောင်ဆက်သွယ်မှု ကုန်ကျစရိတ်များပြားခြင်း စတဲ့ အခက်အခဲတွေကြုံတွေ့ရတယ်။ အခု ဆိုရင် အချိန်တိုအတွင်း မိမိရဲ့ ထွက်ကုန်ကို လွယ်လင့်တကူရောင်း ဝယ်ပို့ဆောင်နိုင်တော့မှာဖြစ်တယ်။ မှော်ဝန်းတံတားကြီးက ခွင့်ပြုခဲ့တဲ့ ရန်ပုံငွေအတိုင်းအတာနဲ့ တံတား အထူးအဖွဲ့(၁၆)က တာဝန်ယူပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။

**ဦးသိန်းမြင့်မွန်**
**ညွှန်ကြားရေးမှူး(မြို့ပြ)**
**တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဒီတံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေး ဝန်ကြီးဌာနကို တံတားဆောက်ဖို့ အတွက် လုပ်ငန်းအပ်နှံခဲ့တယ်။ နိုဝင်ဘာလမှာ ကြိုတင်ပြီး မြေပြင် အနေအထားကို လေ့လာခဲ့တယ်။ ၂၀၁၄ ဒီဇင်ဘာလအတွင်းမှာ အကြို အင်ဂျင်နီယာ လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါ တယ်။ မူလလမ်းအူကြောင်းထက် ပေ ၁၀၀ လောက်ရွှေ့လိုက်ရတယ်။ တံတားဆောက်မယ့်နေရာနဲ့ ချဉ်းကပ် လမ်းက ထောင့်မှန်မကျတာနဲ့ တံတားဆောက်တဲ့နေရာမှာ ရေကြောင်း အနေအထားအရ တံတားတိုင်များ အနည်းငယ်ရေကြောင်းနဲ့ မတည့်လို့ မြစ်ကြောင်းရဲ့ ထောင့်မှန်ကျမယ့် နေရာကို ရွေးချယ်လိုက်တဲ့အတွက် မူလအရှည် ပေ ၁၀၀၀ အစား ပေ ၉၀၀ နဲ့ပဲ တည်ဆောက်လိုက်ရ တယ်။ ပေ ၁၀၀ လျှော့ချလိုက်ရတယ်။ ချဉ်းကပ်လမ်း ပိုပြီးတည်ငြိမ်တဲ့ အတွက် လက်ရှိနေရာကို ချဉ်းကပ် လမ်းတည်ဆောက်ပါတယ်။ တံတား အောက်ထည်က လွန်တူးဘိုးပိုင်အု တ်မြစ်နဲ့တည်ဆောက်ထားပြီး တံတား အပေါ်ထည်က သံကူကွန်ကရစ်နဲ့ တည်ဆောက်ထားတာဖြစ်တယ်။ တစ်တိုင်နဲ့ တစ်တိုင် ပေါင်းကူးတဲ့ နေရာမှာ သံကူရက်မကို အသုံးပြုပြီး အခင်းကသံကူကွန်ကရစ် အမျိုးအစား ဖြစ်တယ်။

**ဦးလှရွှေ အသက်(၇၀)**
**ရွာသစ်ကြီးကျေးရွာ**
**လယ်သူရင်းငှား**

အရင်က ကျောက်တန်းကို ကျန်းမာ ရေးကိစ္စအတွက် သွားမယ်ဆိုရင် မော်တော်နဲ့သွားရတယ်။ လမ်းက ဖောက်ထားတယ်ဆိုပေမယ့် မြေသား လမ်းဖြစ်တာကြောင့် မိုးတွင်းဆိုရင် သွားမရဘူး။ ရေလမ်းကပဲသွားရတယ်။ အခုတော့ တံတားပြီးစီးသွားတော့ နေ့ညအချိန်မရွေးသွားလာလို့ရတယ်။ အဘမသေခင် ဒီဒေသဖွံ့ဖြိုးတိုးတက် တာမြင်တွေ့ရတော့ ဝမ်းသာပါတယ်။ တံတားမဆောက်ခင်က ဟိုဘက် ကမ်းကို လှေနဲ့သွားရတယ်။ အခု တော့ အညောင်းပြေအညာပြေလမ်း လျှောက်ကြည့်လို့ရသွားပြီ။

**ဦးမြင့်ဦး**
**ဝဲကြီးကျေးရွာအုပ်စု(အုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ ကျေးရွာအုပ်စု အနေနဲ့ ရွာသုံးရွာရှိတယ်။ အိမ်ခြေ ၃၂၀ လူဦးရေ ၁၃၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းနဲ့ ရေလုပ်ငန်းကို အဓိက စီးပွားရေးအနေနဲ့လုပ်ကိုင်ကြ တယ်။ အခုတံတားကြီး တည်ဆောက် ပြီးတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသွားတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစစအရာရာ အရင်ကထက် ပိုမိုကောင်းမွန်လာ မှာပါ။ ဒီတံတားဆောက်ပေးလိုက်တဲ့ အကျိုးကျေးဇူးကြောင့်ပါ။အရင်တုန်း က အရှေ့ဘက်ရွာ ၃၀ ကျော်က ရေလမ်းခရီးနဲ့ သုံးနာရီ ကျော်သွားရ တယ်။ တံတားကြီးထိုးပြီးတာ ကြောင့် အဝေးဆုံးရွာတောင် ၄၅ မိနစ်လောက်နဲ့ ရောက်တဲ့အတွက် လူမှုရေး၊ ကျန်းမာရေး၊ ကုန်စည် ဆက်သွယ်ရေးကအစ အားလုံး အဆင်ပြေသွားတယ်။ တံတားကြီးက မှော်ဝန်းချောင်းကို ဆက်သွယ် ဖြတ်သန်းတည်ဆောက် ပေးထားတာ ကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူပြီး အချိန်မရွေးသွားလာလို့ ရတယ်။

**ဒေါ်ထွေးရီ**
**ပန်းချောင်းကျေးရွာ**
**လယ်ယာလုပ်ငန်း**

ဟိုတုန်းကဆိုရင် လှေနဲ့ကူးရတယ်။ အလွန်ခက်ခဲတယ်။ ကျန်းမာရေး မကောင်းရင် မော်တော်နဲ့သွားရတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က အဘွားယောကျ်ား ပိုးထိလို့ မော်တော်နဲ့သွားရတာ ရန်ကုန်လည်းရောက်ရော အသက် ဆုံးရှုံးခဲ့ရတယ်။ ဒီလိုတံတားတွေ၊ လမ်းတွေသာရှိလို့ ရန်ကုန်ဆေးရုံကြီး ကို အချိန်မီပို့နိုင်မယ်ဆိုရင် အသက် ဆုံးရှုံးရမှာမဟုတ်ဘူး။

○ ရှုံးထွက်ပြိုင်ပွဲမှ

ဒုတိယပိုင်းအစတွင် ကမ္ဘောဇ အသင်း ဖိကစားနိုင်ပြီး ၅၃ မိနစ်တွင် စိုးမင်းဦးက ဦးဆောင်ဂိုးစတင် သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်း ဂိုး စရခဲ့သော်လည်း ပွဲကို ဦးဆောင် နိုင်ခြင်းမရှိဘဲ ၆၄ မိနစ်တွင် အောင်အောင်ဦးက ဟံသာဝတီ အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ကမ္ဘောဇ အသင်း ပြန်ဖိရန် ကြိုးပမ်းသော်လည်း ဂိုးရသွားသည့်အသင်းမှာ ဟံသာဝတီ အသင်းဖြစ်ခဲ့သည်။ ဟံသာဝတီ အတွက် အနိုင်ဂိုးများကို ၆၈ မိနစ် တွင် ကမ္ဘောဇဂိုးသမား မျိုးမင်းလတ် အမှားမှ ဘမ်ဘာ၊ ၈၂ မိနစ်တွင် အောင်မျိုးသူရတို့က သွင်းယူခဲ့သည်။

**(အောင်ဆန်းကွင်း)**

ရတနာပုံ-ကိုးဂိုး

Horizon-ဂိုးမရှိ

**(ယနေ့ပွဲ)**

**(အောင်ဆန်းကွင်း)**

ရန်ကုန်-GFA

**(သုဝဏ္ဏကွင်း)**

မကွေး-ချင်းယူနိုက်တက်

❐❐

## သာစည်မြို့နယ်၌ မဲဆန္ဒနယ်မြေနှစ်ခုတွင် မဲရုံပေါင်း ၂၅၀ ထားရှိပြီး မဲဆန္ဒပေးနိုင်သူ ၁၄၁၁ZZ ဦးတို့ မဲပေးကြမည်

**သာစည် ဇူလိုင် ၁၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များ စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းမပျက်လွယ်ကူလျင်မြန်စွာ မဲပေးနိုင်ရေးအတွက် သာစည်မြို့နယ်တွင် မဲဆန္ဒနယ်မြေ နှစ်ခုသတ်မှတ်ထားကြောင်း မြို့နယ်ကော်မရှင် (အဖွဲ့ခွဲ) ရုံးမှ သိရသည်။

အဆိုပါ မဲဆန္ဒနယ်မြေနှစ်ခုမှာ မိတ္ထီလာ-တောင်ကြီး အဝေးပြေးကားလမ်းမကြီး၏ မြောက်ဘက်ပိုင်းကို အမှတ်(၁)မဲဆန္ဒနယ်မြေအဖြစ် သတ်မှတ်ထားပြီး အဆိုပါ နယ်မြေတွင် မဲရုံပေါင်း ၁၂၄ ရုံ ထားရှိ၍ မဲဆန္ဒပေးနိုင်သူပေါင်း ၇၁၂၀၈ ဦးတို့က မဲပေးကြမည်ဖြစ်သည်။

အမှတ်(၂) မဲဆန္ဒနယ်မြေမှာ မိတ္ထီလာ-တောင်ကြီး အဝေးပြေး ကားလမ်းမကြီး၏ တောင်ဘက်ပိုင်းကိုသတ်မှတ်ထားပြီး အဆိုပါ မဲဆန္ဒနယ်မြေတွင် မဲရုံပေါင်း ၁၂၆ ရုံထားရှိကာ မဲဆန္ဒပေးနိုင်သူပေါင်း ၆၉၉၈၀ တို့က မဲပေးကြမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်(အဖွဲ့ခွဲ) ဥက္ကဋ္ဌ ဦးဝါးလားထံမှ သိရသည်။

**မောင်ကို(သာစည်)**

## မုတ်သုံလေအားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၁၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးလေသက်ပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေမည်။

# အရေးပေါ်ကုသမှုအဆင့်မြှင့်တင်ခြင်း

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**(ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

လူတိုင်းလူတိုင်း အသက်ရှည်ကျန်းမာရေးတွင် အရေးပေါ်ကျန်းမာရေးအခြေအနေများသည် အဓိက အခန်းကဏ္ဍအနေဖြင့် ပါဝင်လျက်ရှိသည်။ အရေးပေါ်ကျန်းမာရေးဆိုသည်မှာ အချိန်၊နေရာ၊ အသက်အရွယ်၊ လူမျိုးဘာသာမရွေး ရုတ်တရက်မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့်ပတ်သက်သည့် အရေးပေါ် အခြေအနေများကို ဆိုလိုပါသည်။ ဥပမာ- ရုတ်တရက် ရင်ဘတ်အောင့်ခြင်း၊ ရုတ်တရက်အသက်ရှူကျပ်ခြင်း၊ ရုတ်တရက်သတိလစ် မေ့မြောခြင်း၊ ရုတ်တရက်ဝမ်းဗိုက်အောင့်ခြင်း၊ သွေးအန်ခြင်း၊ သွေးသွန်ခြင်း၊ ရုတ်တရက်အပူလွန်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ စသည်ဖြင့်ပါဝင်သည်။ အဆိုပါအရေးပေါ်အခြေအနေများသည် အချိန်မီကုသမှုခံယူပါက အသက်အန္တရာယ်ကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပြီး အချိန်မီကုသမှုမရရှိပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ရှိသော အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။ ဖော်ပြပါအခြေအနေများကို အချိန်မီ ထိရောက်စွာကုသနိုင်စေရေးအတွက် ဆေးရုံမရောက်မီနှင့် ဆေးရုံအရေးပေါ်ဌာနတွင် ကုသခြင်းဟူ၍ ကဏ္ဍနှစ်ခု ခွဲခြားနိုင်ပါသည်။

**(၁) ဆေးရုံမရောက်မီပြုစုကုသမှု**

ဆေးရုံမရောက်မီ ထိရောက်သော ပြုစုကုသမှုရရှိရန်အတွက် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်လူနာတင်ယာဉ် (ကုန်း၊ ရေ၊ လေ)သယ်ယူပို့ဆောင်ပြုစုရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ လေ့လာချက်များအရ မြန်မာနိုင်ငံတွင် ဆေးရုံရောက်လူနာများ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိသာ အရေးပေါ်ရှေးဦးသူနာပြုစုမှုနှင့် အရေးပေါ်လူနာတင်ယာဉ်စနစ်ဖြင့် သယ်ယူပြုစုမှုရရှိကြပါသည်။ ယခုအခါ နိုင်ငံတော်မှ ဦးဆောင်လျက် ဌာနပေါင်းစုံ၊ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံနှင့် ပြည်သူလူထုပါဝင်သော အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဇွန် ၂၅ ရက်က မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ ရေမြေသဘာဝနှင့် သင့်လျော်မည့် အရေးပေါ်ဆေးကုသမှု လူနာတင်ယာဉ်စနစ်တစ်ခု ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး အထူးလိုအပ်နေသည့် လုပ်ငန်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(၂) ဆေးရုံ အရေးပေါ်ဌာနကုသမှု**

ကျန်းမာရေးဝန်ကြီးဌာနသည် အရေးပေါ်ကုသမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုင်ဝင်ဘာ ၁ ရက်မှစတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးနှင့် မန္တလေးဆေးရုံကြီးများတွင် ခေတ်မီအရေးပေါ်ဌာနများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ခေတ်မီဆေးဝါးများနှင့်အရေးပေါ်ကုသမှုများသည် အခမဲ့ဖြစ်သည်။ လိုအပ်သော ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်မှအစ သွေးစစ်ခြင်း၊ သွေးသွင်းခြင်းများသည် အခမဲ့ဖြစ်သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ၂၀၁၃ တွင် အရေးပေါ်ကုသမှုဆေးပညာအထူးကုဆရာဝန် ၁၈ ဦးနှင့် ၂၀၁၅ တွင် ရှစ်ဦး မွေးထုတ်ပြီး ၂၀၁၅ မှစ၍ မဟာသိပ္ပံဘွဲ့လွန်အထူးကု ဆရာဝန်များ M.Med.Sc (Emergency Medicine) ၂၅ ဦးအား သင်ကြားလျက်ရှိသည်။ အဆိုပါအထူးကုဆရာဝန်များ ကျောင်းဆင်းသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံကြီးများတွင် အထူးကုဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ရင်း သက်ဆိုင်ရာဆေးရုံများ၊ အရေးပေါ် ဌာနများကို ခေတ်မီကုသမှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ရာတွင် လတ်တလော အခြေအနေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အရေးပေါ်ကုသမှုလုပ်ငန်းများမှာ အားနည်းနေဆဲပင်ဖြစ်သည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုပြုသည့် ကျေးလက်နှင့် မြို့နယ်များအတွက် အရေးပေါ်ဆေးကုသမှုပညာရှင်များ လိုအပ်လျက်ရှိပါသည်။

အထက်ပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆေးက္ကသိုလ်(၁)ရန်ကုန်သည် ၂၀၁၅ စာသင်နှစ်တွင် အခြေခံအရေးပေါ်ကုသမှု ဆေးပညာဒီပလိုမာ (Diploma in Primary Emergency Care) သင်တန်းကို ဖွင့်လှစ်သင်ကြားရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ဤဒီပလိုမာသင်တန်းအား ဖွင့်လှစ်သင်ကြားရခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် ခေတ်မီအရေးပေါ်ဌာနများ ဖွံ့ဖြိုးပေါ်ပေါက်လာရေးနှင့် မြို့နယ်တိုင်းတွင် အရေးပေါ်ကုသမှုဆေးပညာရှင်များ ထားရှိနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

**အရေးပေါ်အသက်ကယ်ကုသမှု တတ်မြောက်ကျွမ်းကျင်သည့် ဆရာဝန်များသည် မိမိတို့သက်ဆိုင်ရာ ဒေသဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်ခြင်း၊ ဝန်ထမ်းမဟုတ်သော ဆရာဝန်များသည် မိမိတို့ဒေသအတွင်း လူထုနှင့် အနီးကပ်ကုသမှုပေးခြင်းများဖြင့် မလိုလားအပ်သော ရောဂါပိုမိုဆိုးရွားစေခြင်း၊ အသက်သေဆုံးခြင်းများအား လျှော့ချနိုင်မည်။**

အရေးပေါ်အသက်ကယ်ကုသမှု တတ်မြောက်ကျွမ်းကျင်သည့် ဆရာဝန်များသည် မိမိတို့သက်ဆိုင်ရာ ဒေသဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်ခြင်း၊ ဝန်ထမ်းမဟုတ်သော ဆရာဝန်များသည် မိမိတို့ဒေသအတွင်း လူထုနှင့် အနီးကပ်ကုသမှုပေးခြင်းများဖြင့် မလိုလားအပ်သော ရောဂါပိုမိုဆိုးရွားစေခြင်း၊ အသက်သေဆုံးခြင်းများအား လျှော့ချနိုင်မည်ဟု ယုံကြည်ပါသည်။ ထို့ပြင် အဆိုပါဘွဲ့ရများသည် သက်ဆိုင်ရာဒေသ၏ အရေးပေါ်လူနာတင်ယာဉ်များ ဖွံ့ဖြိုးရေး၊ အရေးပေါ်ကုသမှုပညာရပ်ပြန့်ပွားရေး၊ အခြေခံအသက်ကယ်နည်း၊ ရှေးဦးသူနာပြုစုနည်းများအား ပြည်သူလူထုအတွင်း ပြန့်ပွားစေရေးတို့ကို ဆောင်ရွက်မည့်အခြေခံအရင်းအမြစ်များလည်း ဖြစ်လာနိုင်ပါသည်။ အရေးပေါ်ကုသမှုများ အဆင့်မြှင့်တင်မှုလုပ်ငန်းများသည် မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏ မိသားစု သို့မဟုတ် မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် နိုင်ငံတော်အတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ပါကြောင်း တင်ပြရင်း အရေးပေါ်ကုသမှုကို အဆင့်မြှင့်တင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။




ရန်ကုန်မြို့ရှိ မီးပွိုင့်တစ်ခုတွင် လမ်းမကူးရတားမြစ်ထားသော ယာဉ်ကြောရှိ ကားများကြားမှ လမ်းဖြတ်ကူးနေသူများကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ (ဇေယျာဝင်း)

# အမြွှာပူးမိန်းကလေးသုံးဦး ပညာသင်ကြားရေး အကူအညီလိုအပ်နေ

**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ဗောဓိတစ်ထောင်နယ်မြေ ခတက္ကန်(တောင်)ရွာအုပ်စု လှည်းဒါးကျေးရွာနေ ဖခင်ဦးကျော်ရွှေ မိခင်ဒေါ်နှင်းကြည်တို့မှ မွေးဖွားသည့် (၁၅)နှစ်အရွယ် သုံးမြွှာပူး သမီးများဖြစ်ကြသည့် မဖြူပြာ၊ မမူရာနှင့် မသူဇာတို့ သုံးဦးမှာ**(အောက်ယာပုံ)** မိဘများချို့တဲ့သဖြင့် ယခုနှစ်ခတက္ကန်(တ)အထက နဝမတန်းတွင် ခက်ခဲစွာ ပညာသင်ကြားနေရကြောင်း သိရသည်။

အဆိုပါ လှည်းဒါးကျေးရွာသည် မုံရွာမြို့မှ (၁၇)မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် သွားရေးလာရေးအလွန်ခက်ခဲသည့် ကျေးရွာတစ်ရွာဖြစ်သည်။ လှည်းဒါးကျေးရွာမှ ပညာသင်ကြားနေသည့် ခတက္ကန်(တ)အထကအထိ အသွားအပြန် ၁၄ မိုင်ခန့်ကို နေ့စဉ်အခက်အခဲများစွာဖြင့် သွားလာပညာသင်ကြားနေရကြောင်း သိရသည်။

မိဘများမှာ တောင်သူများဖြစ်ကြသဖြင့် သမီးများအား ပညာတတ်စေချင်သော်လည်း နေ့စဉ်ကုန်ကျစရိတ်များကို မတတ်နိုင်သည့်အခြေအနေဖြစ်နေသဖြင့် ကျောင်းထုတ်ရတော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဖခင်ဖြစ်သူက "သမီးတွေကိုကျွန်တော်တို့လို လက်လုပ်လက်စားအဖြစ်နဲ့ ဘဝကို မနစ်မွန်းစေချင်ဘူး။ မဆင်းရဲစေချင်ဘူး။ ကျွန်တော်တို့တတ်နိုင်တဲ့အထိ အစွမ်းကုန်ထမ်းတင်ပေးချင်ပါတယ်။ အခု သမီးတွေက ကိုးတန်းရောက်နေပြီ။ သူတို့ပညာရေးအတွက် အကူအညီပေးမယ့်သူရှိရင် ဝမ်းသာရမှာပါဗျာ" ဆိုပြီး ရင်တွင်းခံစားချက်ကို ပြောကြားခဲ့သည်။

အဆိုပါ အမြွှာပူးသမီးငယ်သုံးဦးအား ပညာဒါနထောက်ပံ့လှူဒါန်းလိုသူများအနေဖြင့် ဦးအောင်ဝင်းဆွေ မြို့နယ်ဦးစီးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း ၀၉-၄၀၀၄၀၈၆၉၆ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောင်ဆွေ- မုံရွာ)**



# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**သာစည် ဇူလိုင် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် အမှတ်(၂၆)စက်မှုလယ်ယာစခန်းက ဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ဇူလိုင် ၁၀ ရက် နံနက် စနာရီခွဲက ရွာကြီးကျေးရွာ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းရှေ့တန်းစခန်းတွင် ဖွင့်လှစ်ကြောင်း သိရသည်။**(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ကြည်က တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် အချိန်မီထွန်ရက်စိုက်ပျိုးနိုင်ရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာထိန်းသိမ်းမောင်းနှင်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့်သင်တန်းတွင် ထွန်ယက်စက်အကြီး၊ အသေးများဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အခြားလယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်၍သိရှိလိုသည်များကိုလည်း ရှင်းလင်းပြသပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်သူနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူအထောက်အကူပြုကော်မတီဝင်များနှင့် သင်တန်းသားတောင်သူ ၃၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**



# သောက်သုံးရေအဆင်ပြေစေရန် စက်ရေတွင်းနှင့်မြေသားကန်များတူးဖော်

**ဇီးကုန်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ဇွန်လဆန်းမှစတင်၍ ရေရှားပါးသောကျေးရွာ ခုနစ်ရွာအား မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Golden Hours Co,Ltd. မှ တာဝန်ယူဆောင်ရွက်သော စက်ရေတွင်း (တွင်းနက်) ငါးတွင်းနှင့် မြေသားရေကန် နှစ်ကန် တူးဖော်ဆောင်ရွက်မည်ဖြစ်သည်။ ကဇင်းကြီးကျေးရွာအုပ်စု စမ်းအိုင်ရွာ၊ ကဇင်းကြီးရွာ၊တောင်ပို့သာယာကျေးရွာအုပ်စုတွင် ပေါက်ပင်ဆိပ်ရွာ၊ သစ်ဖြူကွင်းရွာ၊ကန္တလီကျေးရွာအုပ်စုတွင် ပေါက်ပင်ဆိပ်ရွာတို့၌ တွင်းနက်စက်ရေတွင်းတစ်တွင်းစီ၊ ဘုရားပျံကျေးရွာအုပ်စု ရေတာရှည်ရွာနှင့် ဆိတ်ဖူးကျင်းကျေးရွာအုပ်စု ကံကြီးရွာတွင် မြေသားရေကန်တစ်ကန်စီ တူးဖော် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ ခုနစ်ရွာရှိဒေသနေပြည်သူ ၄၄၁၀ နှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လိုအပ်နေသောသောက်သုံးရေရှားပါးမှု အခက်အခဲများအချိန်အခါမရွေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဝ၇၁)**

# ရေးကြက်မောက်သီး ဈေးကောင်းရ

**ရေး ဇူလိုင် ၁၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အဓိက စီးပွားဖြစ် စိုက်ပျိုးသော ဒေသထွက် ရေးကြက်မောက်သီးများမှာ ဈေးကွက်အတွင်း၌ ဈေးကောင်း ရရှိကြောင်းသိရသည်။

ရေးကြက်မောက်သီးများမှာ ဈေးကွက်အတွင်း တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိရရှိပြီး လတ်ဆတ်ချိုမြိန်၍ စားသုံးသူများ အကြိုက်တွေ့သဖြင့် ဈေးကွက်အတွင်းရှိ သံဖြူဇရပ်၊ မုဒုံ၊ မြဝတီအသီးများထက် ပိုမို အရောင်းအဝယ် ဖြစ်ကြောင်း စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

ရေးဒေသထွက် ကြက်မောက်သီးများမှာ နောက်ကျမှထွက်သော်လည်း စားသုံးသူများက ရေးဒေသထွက် ကြက်မောက်သီးများကိုသာ ပိုမို ဝယ်ယူစားသုံးနေကြသည့်အခါ စီးပွားဖြစ် စိုက်ပျိုးနေကြသူများအပြင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများလည်း ရှိလာကြသည်။ ရေးကြက်မောက်သီးများကို ဝယ်ယူစားသုံးသည့်အပြင် လက်ဆောင်အဖြစ် ဝယ်ယူပေးပို့နေကြသူများလည်းရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# ရွှေလှော်စက္ကူလုပ်ငန်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**စစ်ကိုင်း ဇူလိုင် ၁၁**

စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် ရွှေလှော်စက္ကူလုပ်ငန်းဖြင့် မိသားစုများ အပိုဝင်ငွေရရှိနေကြသည်။ ရွှေလှော်စက္ကူမှာ ပါးလွှာပြီး အချောစက္ကူဖြစ်ရန် လုပ်ငန်းအဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်ကြရသည်။

"ပထမဆုံး အနေနဲ့ကတော့ ကောက်ရိုးရယ်၊ ထုံးရယ်၊ ရေရယ် ပေါင်းစပ်ပြီး မြေကြီးထဲမှာ မြှုပ်ထားတဲ့ စဉ့်အိုးကြီးတွေထဲထည့်ကာ ခုနစ်ရက်လောက် နှပ်ထားရပါတယ်။ ပြီးတော့ အဲဒီကောက်ရိုးတွေကို မိုးပြဒယ်အိုးထဲထည့်ပြီး အောက်က ထင်းမီးနဲ့ ၂၄ နာရီ အပူပေးပြုတ်ရတယ်။ နောက်ပြီး ပြန်လည်ဆယ်ယူကာ အညစ်အကြေးကုန်အောင် ရေပေါ်ပေါ်နဲ့ ဆေးရပါတယ်။ သန့်စင်ပြီး ကောက်ရိုးတွေကို နေပူလှန်းပြီးတော့ ခြေထောက်နင်းမောင်းနဲ့ ထောင်းပြီး ပျော့ဖတ်အဖြစ် ကြေညက်အောင်လုပ်ပေးရပါတယ်။ ရရှိလာတဲ့ ပျော့ဖတ်တွေကိုလည်း စဉ့်အိုးထဲမှာ ပြန်လည်နှပ်ထားပေးရတယ်။ ပြီးတော့ ကျွန်မတို့အခေါ် ကားချပ်ပေါ့ နှစ်ပေ×သုံးပေရှိ ရေစိမ့်ယိုနိုင်တဲ့ အပေါက်လေးတွေပါတဲ့ ကားချပ်ပါပဲ။ နောက်ပြီး လေးပေ× ငါးပေလောက် ကျယ်တဲ့ ရေစိမ့်ယိုမှုမရှိတဲ့ သစ်သားရေကန်ပြုလုပ်ထားရတယ်။ အဲဒီရေကန်ထဲမှာတော့ အဝါရောင်ရောစပ်ထားတဲ့ရေတွေကို ကားချပ်မြုပ်အောင်ထည့်ထားပေးရတယ်။ ပိတ်ကားချပ်ကို အဲဒီရေကန်ထဲမှာထည့်ပြီး စောစောကပြောတဲ့ ပျော့ဖတ်တွေကို ပိတ်သားကားချပ်ပေါ်တင်ပြီး လက်နဲ့ မွှေပေးရတယ်။ ခဏနေပိတ်သားကားချပ်ကို အပေါ်မတင်လိုက်တော့ ရေတွေက ကန်ထဲပြန်ကျသွားပြီး ပျော့ဖတ်တွေက ပိတ်သားကားချပ်ပေါ်မှာ ကျန်နေရစ်တယ် အဲဒီကားချပ်အတိုင်း နေလှန်းပြီး ခြောက်သွားတော့ အဝါနုရောင် ရွှေရောင်စက္ကူချောရရှိပါတယ်။ ကားချပ်ပေါ်ကနေ ခြောက်သွားတဲ့စက္ကူကို ပြန်ခွာတဲ့အခါမှာလည်း စိတ်ရှည်ရတယ်။ ယောက်မပုံစံလေးလုပ်ထားတဲ့ မန်ကျည်းသားနဲ့ ထိုးပြီးခွာရတယ်။ မန်ကျည်းသားမှ အဆင်ပြေတယ်။သူက ပိတ်သားကို မငြိဘူးလေ၊ ချောနေတာ။ ကျန်တဲ့အသားတွေနဲ့ အဆင်မပြေဘူး။ နှစ်ပေ × သုံးပေ ရွှေလှော်စက္ကူအချောအရွက် ၁၀၀ ကို ကျပ် ၁၅၀၀၀ သွင်းရပါတယ်။

မိသားစုဝင်များရင်တော့ ပိုပြီး တွက်ခြေကိုက်တာပေါ့။နှစ်ပေ×သုံးပေ စက္ကူအချောရရှိဖို့ဆိုရင် ပျော့ဖတ် ၁၀ ကျပ်သားလောက် အသုံးပြုရတယ်။ ပျော့ဖတ်များများ ရရှိတဲ့အထိ အဆင်သင့်လုပ်ထားတယ်ဆိုရင် စက္ကူတစ်ရွက်ရရှိဖို့ စက္ကန့်ပိုင်းလောက်ပဲကြာမှာပါ။ ပိတ်သားကားချပ်တွေတော့ များများလုပ်ထားရတာပေါ့။ ဒါမှလည်းလုပ်ငန်းမပြတ်မှာ။ အဆင့်ဆင့်လုပ်ကိုင်ရတယ် ဆိုပေမယ့် သိပ်မပင်ပန်းပါဘူး။ အိမ်မှာနေရင်းလုပ်ရတော့ မိသားစုအပိုဝင်ငွေရတာပေါ့"ဟု အဆိုပါကျေးရွာမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**ဇော်မြင့်နိုင်(စစ်ကိုင်း)**

◆◆◆





# မြန်မာ့ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ခြေလှမ်းကောင်းများ စတင်နိုင်တော့မည်

၁၉၅၂ ခုနှစ်မှစတင်၍ ချီးမြှင့်ပေးခဲ့သည့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲများကို နှစ်တစ်နှစ်၏ ကုန်ဆုံးသောလတွင်သာ ကျင်းပခဲ့ပြီး သူ့နှစ်အလိုက် ဆုများရွေးချယ်မပေးနိုင်ဘဲ တစ်နှစ်နောက်ကျ၍သာ ဆုများအားပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။ ထို့ကြောင့် လာမည့် (၅၈) ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲကိုမူ သူ့နှစ်အလိုက်ဆုများ ချီးမြှင့်ပေးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလောက်မှ သာကျင်းပသွားမည်ဟု သိရသည်။

"အစ်ကိုတို့အကယ်ဒမီက တစ်ခါတလေ တစ်နှစ်နောက်ကျ၊ တစ်ခါတလေ တစ်နှစ်ခြားပြီးမှသာပေးနိုင်တဲ့ အခြေအနေဖြစ်တော့ အကယ်ဒမီကားရုံတင်တဲ့အချိန်မှာ အဲ့ဒီကားကရုံပေါ်မှာလည်း မရှိတော့ဘူး။ ပရိသတ်ရင်ထဲမှာလည်း မရှိတော့ဘူး။ အဲဒီတော့ ကားဟောင်းကြီးကိုပဲ ပြန်ပေးနေရသလိုကြီး ခံစားနေရတာလေ။ လတ်လတ်ဆတ်ဆတ် အနုပညာအရလည်း update ဖြစ်အောင်၊ တစ်နှစ်ပြီးတာနဲ့တစ်နှစ် ပေးနိုင်တဲ့ အစီအစဉ်ဖြစ်သွားအောင်လို့ ဒီနှစ်မှာတော့ နှစ်နှစ်စပြီးပေါင်းလိုက်တာပါ။ ဒါမှ နောက်နှစ် နောက်နှစ်တွေမှာ မှန်သွားမှာပေ့ါ။ အရင်တုန်းကတော့ ဒီဇင်ဘာနောက်ဆုံးပတ်တွေမှာ လုပ်တာပါ။

ဒီဇင်ဘာနောက်ဆုံးပတ်ဆိုတာက ပွဲလမ်းသဘင်တွေ အင်မတန်များတော့ အကယ်ဒမီပွဲအပေါ် ပရိသတ် စိတ်ဝင်တစား မျှော်လင့်မှုနည်းပါးတာတွေ့ရတယ်။ နောက်တစ်ခုက တစ်နှစ်ပြီး တစ်နှစ် ပေးမယ်ဆိုရင် အဲ့ဒီနှစ်ရဲ့ ဒီဇင်ဘာ ၃၁ ရက် ထိ ရုံတင်နေတဲ့ ဇာတ်ကားတွေကိုပါ စိစစ်အကဲဖြတ်ရမှာဖြစ်တဲ့အတွက် အနည်းဆုံးနှစ်လလောက်နောက်ဆုတ်ပြီးမှ ပွဲကိုကျင်းပပါမယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

ထို့ကြောင့် (၅၈) ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် နှစ်နှစ်ပေါင်းပြုလုပ်သည့်အတွက် သတ်မှတ် အကယ်ဒမီဆု ၂၂ ဆုရှိမည်ဖြစ်ပြီး ရမှတ်များပေါ်မူတည်၍ အကယ်ဒမီဆုများရွေးချယ်ချီးမြှင့်သွားမည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ကို ၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကွယ်လွန်သွားပြီဖြစ်သည့် ဆရာကြီးဦးအုန်းမောင်က ကိုယ်စားလှယ်တော်ကြီး ဦးထွန်းရှိန်၏ဈာပန သတင်းကားတိုလေးကို အင်္ဂလိပ်ကောင်းဘွိုင်ကားနှင့်တွဲပြီး ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးမဆောက်ခင်က ရှိခဲ့သည့် ပဲရစ်ရုပ်ရှင်ရုံတွင် စတင်ပြသခဲ့ရာမှ မြန်မာ့ရုပ်ရှင်လောက စတင်ခဲ့သည်။

စတင်ခဲ့သည့် စစ်ကြိုခေတ်တွင် ပြည်တွင်းရုပ်ရှင်ထုတ်လုပ်နိုင်မှုမှာ ၁၉၂၀ မှ ၁၉၄၁ ခုနှစ်ထိ ၆၉ ကား၊ အသံတိတ်ခေတ်တွင် ၅၆ ကား၊ အသံထွက်ခေတ်တွင် (သံစုံသွင်း)ခုနစ်ကား ဖြစ်သည်။ ၁၉၆၈ ခုနှစ် ဒီဇင်ဘာတွင်မူ ရုပ်ရှင်ရုံများနှင့် ရုပ်ရှင်ပြသနေမှုလုပ်ငန်းများကို ပြည်သူပိုင်အဖြစ် ပြုလုပ်ခဲ့သည်။ ထိုခေတ်တွင်တစ်နှစ်ပျမ်းမျှကား ၁၁၀၊ ၁၉၆၉ မှ ၁၉၈၈ ထိ တစ်နှစ် ပျမ်းမျှ ၁၀၁ ကားထိ ပြသနိုင်ခဲ့သည်။ ၁၉၉၅ နောက်ပိုင်းတွင် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃၅ ရုံအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခဲ့သည်။ ထိုအထဲတွင် လုပ်ငန်းပြောင်းလုပ်ကိုင်ခွင့်ရရှိသည့် ရုပ်ရှင်ရုံ ၃၈ ရုံ၊ မူလလုပ်ငန်းပြန်မလုပ်ရသည့် မြေနေရာ လေးနေရာနှင့် မူလလုပ်ငန်း ပြန်လည်လုပ်ကိုင်ရမည့် ရုပ်ရှင်ရုံ ၉၃ ရုံတို့ ပါဝင်သည်။

ထိုအထဲမှ မူလလုပ်ငန်းပြန်လည်လုပ်ကိုင်ရမည့် condition ပါ ရုပ်ရှင်ရုံ ၉၃ ရုံမှာ ရန်ကုန်မြို့တွင် ၁၃ ရုံ၊ အထက်မြန်မာပြည်တွင် ၄၅ ရုံ၊ အောက်မြန်မာပြည်တွင် ၃၅ ရုံဖြစ်သည်။ သို့သော်လည်း ၇၃ ရုံသည် မူလ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခြင်းမရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ပြန်လည်လုပ်ကိုင်ရမည့် ရုပ်ရှင်ရုံ ၁၃ ရုံရှိရမည့်အနက် ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ ရွှေရတနာ ရုပ်ရှင်ရုံသာ ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ကျန်ရုပ်ရှင်ရုံများသည် မူလအတိုင်း ဖြိုဖျက်ခွင့်၊ ဖြိုဖျက်ဆဲ၊ ဖြိုဖျက်ပြီး အဆောက်အအုံဟောင်းများသာ ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ၁၉၆၈ မှ ၁၉၈၈ ခုနှစ်ထိ တစ်နှစ်ပျမ်းမျှ ရုပ်ရှင်ဇာတ်ကား ၁၀၀ ကျော်ရှိခဲ့ရာမှ အကြောင်းအမျိုးမျိုးကြောင့် ရုံတင်ပြသမှုများ တစ်စတစ်စတိမ်ကောလာပြီး ၁၉၈၉ မှ၂၀၀၄ ခုနှစ်ထိ တစ်နှစ်ပျမ်းမျှ ၂၆ ကားသာ ပြသနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိတွင်မူ တစ်နှစ်ပျမ်းမျှ ရုပ်ရှင်ဇာတ်ကား ၁၅ ကားသာပြသနိုင်တော့သည်။

"ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ကကော၊ သက်ဆိုင်ရာဌာနတွေရော၊ အနုပညာရှင်တွေရော အားလုံး အခုအချိန်မှာ ဝိုင်းဝန်းကြိုးစားနေကြပါတယ်။ ကြိုးစားနေတဲ့အပေါ်မှာ ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ကြဖို့တိုက်တွန်းလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လတ်တလောဖြစ်သွားတဲ့ ကျွန်မကနှင်းဆီပါမောင် ရုပ်ရှင်ဇာတ်ကားလို အွန်လိုင်းမှာ တရားမဝင် ပျံ့နှံ့ခဲ့တဲ့အတွက် ရုပ်ရှင်ထုတ်လုပ်သူတွေနဲ့ တရားဝင်ပြသနေတဲ့ ရုပ်ရှင်ရုံလုပ်ငန်းတွေအတွက် များစွာထိခိုက်နစ်နာရတယ်။ ရုပ်ရှင်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးဖို့ နှောင့်နှေးနိုင်ပါတယ်။ ဒ့ါကြောင့် ခိုးကူးဗီဒီယိုဇာတ်ကားတွေသာမက သီချင်းခွေတွေကို တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ရောင်းချခြင်းမပြုလုပ်ကြဖို့နဲ့ ဝယ်ယူကြည့်ရှုသူ ပြည်သူတွေအနေနဲ့လည်း ဒီလိုတရားမဝင် ကြည့်ရှုတာဟာ ဥပဒေနဲ့မလွတ်ကင်းပါလားဆိုတဲ့ အသိစိတ်ဓာတ်လေးနဲ့ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။ အခုလည်း ရုပ်ရှင်လုပ်ငန်းအဆင့်မြှင့်တင်ဖို့ Digital ရုပ်ရှင်ရုံတွေအပြင် မူလလုပ်ငန်းပြန်လည်လုပ်ကိုင်ရမယ့် ရုပ်ရှင်ရုံ ၉၃ ရုံကိုလည်း ၂၀၁၆ ခုနှစ်မှာ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ တာဝန်ရှိသူ ဦးသိန်းနိုင်က ပြောသည်။

ယခုလက်ရှိ မြန်မာနိုင်ငံတစ်ဝန်းတွင် ရုံတင်ပြသနေသည့် ရုပ်ရှင်ရုံပေါင်း ၃၉ ရုံ၊ ပိတ်ကား ၅၀ ရှိပြီး ယင်းတို့အနက်မှ ရုပ်ရှင်ရုံ ၁၈ ရုံနှင့် ပိတ်ကား ၂၇ ကားသည် နိုင်ငံတော်မှ နှစ်ရှည်ငှားရမ်းထားသည့် ရုံများဖြစ်သည်။ ကျန် ရုံများမှာမူ ပုဂ္ဂလိကပိုင် ဖြစ်သည်။ ၂၀၁၄ခုနှစ်အတွက် အကယ်ဒမီတန်းဝင် ရုပ်ရှင်ဇာတ်ကားမှာ ၁၇ ကားရှိပြီး ယင်းဇာတ်ကား များထဲမှ အကယ်ဒမီ ၁၁ ဆုကိုရွေးချယ်ပေးမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွက် လက်ရှိတွင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားရှိပြီး ဇူလိုင်လထိ ရိုက်ကူးခွင့် တင်ထားသော ရုပ်ရှင်ကားများမှာ ၃၀ ကျော်ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ထို့ကြောင့် ရုပ်ရှင်ဇာတ်ကားများ များစွာထုတ်လုပ်လာနိုင်သည့်အပေါ် ပြသပေးမည့် ရုပ်ရုပ်ရုံ များစွာကလည်း လိုအပ်လျက်ရှိနေသည်။ ရုံတင်ပြသနိုင်မှသာ အကယ်ဒမီစာရင်းဝင်နိုင်မည် ဖြစ်သောကြောင့် ရုပ်ရှင်ရုံများ ပြသပေးနိုင်မှုများပြားလာပါက ထုတ်လုပ်သူများလည်း သူ့ထက်ငါ အရည်အသွေးကောင်းအောင် ပြုလုပ်လာကြမည့်အပြင် ထူးချွန်သည့် အနုပညာရှင် အတတ်ပညာရှင်များစွာလည်း ပေါ်ပေါက်လာမည် ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ပရိသတ်များအတွက်လည်း အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ရာ ဤအရာများသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ခြေလှမ်းကောင်းများပင်ဖြစ်ပါတော့သည်။

**(ခင်ဇာလီ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၂ - ၇ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင် ထုတ်လုပ်သည်
၁၁း၀၀ EnglishFor Myanmar
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာခြားနားလည်း
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ (အပိုင်း-၃၅)
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၄၃)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ အပိုင်း(၅၆)
- VOAအင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အဆုံးမရှိ (အပိုင်း-၂)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာပွင့်သောပန်း” (အပိုင်း-၂၀)
၉း၄၅ Weekly Sports Diary
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့လ က် ရာ
၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Happy Beach" [ဗွီဒီယိုကမ်းခြေ (၃+၄)]
၁း၀၀ “ဝိပဿနာအလုပ်ပေး” တရားတော် (ဒုတိယ ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ)
၂း၂၀ Thai Fight
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၆၈)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၆၉)
၇း၂၅ Fashion Week (Designer Collection) (Part-4)
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာပွင့်သောပန်း” (အပိုင်း-၂၀)
၁၁း၂၀ နယ်ဥဆန်းထွင်ပန်းအလှဆင် [မြေအိုး (၂)လုံးအား ပူးတွဲ၍ ပန်းအလှဆင်ခြင်း]
၁၁း၃၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ပခုက္ကူမြို့မှ ကြည်ညိုဖွယ်ရာဘုရားစေတီပုထိုးများ)

### mitv

- Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- A Historic Town: 9 Pagodas
- Myanmar Harpist
- National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 1) Childhood And Student Life
- Maha Myatmuni Buddha Image In Rakhine
- "Myanmar's Traditions and Culture" Novicehood in Myanmar
- Guiding Star of Song Birds
- Sagaing: Gold Leaf
- Youth Of The Future (Ep-11) (Hair Designer)
- A Monk's Robe
- Myanmar Traditional Art Bronze Casting
- Food Trip (EP-4) (Part-2)
- Today Myanmar: e-Commerce
- Hanthawddy U Win Tin: A Fearless Man (Ep-2)
- A Myanmar Tapestry
- Indian Footsteps
- The Richly Blessed Gem Land
- TECH School
- Travelogue: "Anyar Myay" or Upcountry (Episode-1)
- Ngapali Beach: Fishing Villages
- Kid's Home
- A Trip To The City Of Rakkhita, Rakhine
- Sweet Delicacy Of Pathein
- Art Students: Their Dream
- A Journey To Southern Shan State (Ep-1)
- "Moe Hnyin Than Buddhe", The Unique Pagoda In Monywa




## ၂၀၁၅ ခုနှစ်အတွက် လူကြည့်အများဆုံး ကိုရီးယားရုပ်ရှင်

တောင်ကိုရီးယားရုပ်ရှင် “Northern Limit Line”သည် ၂၀၁၅ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ရုံတင်ပြသခဲ့သော ရုပ်ရှင်များအနက်လူကြည့်အများဆုံးဇာတ်ကားဖြစ်သည်။

ကိုရီးယားရုပ်ရှင်ကောင်စီ၏ ဖော်ပြချက်အရ ဇူလိုင် ၁၀ ရက်အထိ နိုင်ငံအတွင်း၌ အဆိုပါ ဇာတ်ကားကိုကြည့်ရှုသူ ၃၈၇၂၀၇၀ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက်သာမက သမိုင်းတစ်လျှောက် ကြည့်ရှုသူ အများဆုံးရုပ်ရှင်ဇာတ်ကား ဖြစ်လာခဲ့သည်။

အဆိုပါ ရုပ်ရှင်သည် ၂၀၀၂ ခုနှစ်က တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ကမ္ဘာ့ဖလားပွဲစဉ်များကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့စဉ်အတွင်း တောင်ကိုရီးယားလှေတစ်စင်းကို မြောက်ကိုရီးယားတို့ တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်မှန်အပေါ် အခြေခံကာဇာတ်အိမ်တည်ထားသည့် ရုပ်ရှင်ဖြစ်သည်။

တောင်ကိုရီးယားနာမည်ကျော်သရုပ်ဆောင်များဖြစ်သော လီဟွန်ဝူး၊ ကင်မ်မိုယွန်းနှင့် ဂျင်ဂိုတို့က ပါဝင်သရုပ်ဆောင်ထားကာ ပြီးခဲ့သည့် ဇွန်လက ယင်းရုပ်ရှင်ကို စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

**အေးပြည့် - စုစည်းသည်။**



## ပရိသတ်တစ်ဦးအတွက် အမှတ်တရ ဆေးမင်ကြောင်ထိုးခဲ့တဲ့ ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာ

“Baby” သီချင်းဖြင့် မြန်မာပရိသတ်ရင်ထဲ ဝင်ရောက်နေရာယူခဲ့သော အမေရိကန်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာသည် သူငယ်ချင်းတစ်ဦး၏ နှစ်နှစ်အရွယ်သမီးငယ်လေး ဂျော့ဂျီယာ (Georgia)ကိုအစွဲပြု၍ သူ၏လက်မောင်းတွင် “G”ဆိုသော စာလုံးကို ဆေးမင်ကြောင်ရေးထိုးခဲ့သည်။

အဆိုပါသမီးလေးသည် ဂျက်စတင်၏သူငယ်ချင်းများဖြစ်သော ချက်ဒ်နှင့် ဂျူလီယာဗစ်ချ်တို့မှ မွေးဖွားလာခဲ့ပြီး ဦးနှောက်ဖွံ့ဖြိုးမှုမမှန်သည့် ရောဂါခံစားနေရသူလေးဖြစ်သည်။

ဂျက်စတင်သည် ၎င်းတက်တူး ထိုးထားသည့်ဓာတ်ပုံကို ကြာသပတေးနေ့က သူ၏အင်စတာဂရမ် စာမျက်နှာပေါ်တွင် ဖော်ပြခဲ့ပြီး သူက“ဗစ်ချ်မောင်နှံကတော့ တကယ်ကို စိတ်ဓာတ်ကြံ့ခိုင်ပြီးချီးကျူးစရာကောင်းတဲ့သူတွေပါပဲ။ ရောဂါခံစားနေရတဲ့ရင်သွေးကို အကောင်းဆုံးစောင့်ရှောက်ပေးကြတယ်”ဟုလည်း ရေးသားဖော်ပြခဲ့သည်။

ဂျက်စတင်ဘီဘာကဲ့သို့ပင် မော်ဒယ်တစ်ဦးဖြစ်သူ ဟေးလေးဘောဒ်ဝင်းကလည်း ဂျော့ဂျီယာအတွက် သူ၏နားရွက်နောက်တွင် “g”ဆိုသော စာလုံးကိုပင် ဆေးမင်ကြောင်ထိုးခဲ့သည်။

လတ်တလောတွင် ဂျက်စတင်ဘီဘာသည် ကလေးများအတွက် သီးသန့်ဖျော်ဖြေပွဲပြုလုပ်ပေးခြင်း၊ ဂီတဖျော်ဖြေပွဲများတွင်လည်း ကလေးများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ ကလေးများအတွက် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ထောက်ပံ့လှူဒါန်းခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။

## စုံစမ်းစစ်ဆေးခံနေရတဲ့ အယ်ရီရန်နာ ဂရန်ဒီ



အမေရိကန်ပေါ့ပ်အဆိုတော် အယ်ရီရန်နာဂရန်ဒီသည် ပြီးခဲ့သည့်သီတင်းပတ်က ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဝူလ်ဖီဒိုးနက်စ်ဆိုင်တစ်ဆိုင်တွင် ပြုလုပ်ခဲ့သော အပြုအမူကြောင့် အမေရိကန်ရဲအရာရှိများနှင့် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော ကျန်းမာရေးဝန်ထမ်းအရာရှိများ၏ စုံစမ်းစစ်ဆေးခြင်းများ ခံနေရကြောင်း US Weeklyက ဖော်ပြထားသည်။

အဆိုပါဆိုင်၏ လုံခြုံရေးကင်မရာတွင် မှတ်တမ်းတင်ထားသော ပုံရိပ်များအရ ဂရန်ဒီသည် ကောင်တာပေါ်တွင် ခင်းကျင်းထားသော ဒိုးနက်စ်မုန့်များကို လျှာဖြင့်လျက်ခြင်း၊ မုန့်အောက်ခံ လင်ဗန်းများထဲသို့ တံတွေးထွေးခြင်းများပြုလုပ်ခဲ့ကြောင်း တွေ့ရ၍ ယခုကဲ့သို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

ဆိုင်ရှင် ဂျိုးမာတင်က “ဂရန်ဒီက ဒိုးနက်စ်ဗန်းထဲကို တံတွေးထွေးတယ်။ သူနဲ့ပါလာတဲ့ အမျိုးသားကလည်း သူ့လိုပဲ ဗန်းထဲကို တံတွေးထွေးခဲ့တာပဲ။ တကယ်အံ့သြစရာကောင်းတယ်”ဟု ဆိုသည်။

ဂရန်ဒီသည် ဇွန် ၈ရက်က သူ၏အပြုအမူအတွက် အနူးအညွတ် တောင်းပန်ပါကြောင်း ဗီဒီယိုဖိုင်တစ်ခု ရိုက်ကူးကာ လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် တောင်းပန်ခဲ့သည်။

# ဖက်ဒရာနှင့် ဂျိုကိုဗစ်ချ်တို့တွေ့ ဆုံကြတော့မည့် ဝင်ဘယ်လ်ဒန်အိုးပင်း ဗိုလ်လုပွဲ



ဝင်ဘယ်လ်ဒန်အိုးပင်း ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ နိုဗက်ဂျိုကိုဗစ်ချ်နဲ့ ဆွစ်တင်းနစ်အကျော်အမော် ဖက်ဒရာတို့ တွေ့ဆုံယှဉ်ပြိုင်ရတော့မှာ ဖြစ်တဲ့အတွက် ၂၀၁၄ ဗိုလ်လုပွဲအတိုင်း ထပ်တူဖြစ်လာခဲ့တာလည်းဖြစ်ပါတယ်။

ဖက်ဒရာက အကြိုဗိုလ်လုပွဲမှာ ဗြိတိန်နံပါတ်(၁) အင်ဒီမာရေးကို ၇-၅၊ ၇-၅၊ ၆-၄နဲ့ သုံးပွဲပြတ်အနိုင်ကစားပြီး ဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ မာရေးအနေနဲ့ ပွဲကိုဖြည်းဖြည်းမှန်မှန်ချဉ်းကပ်ကစားတဲ့ပုံစံနဲ့ ယှဉ်ပြိုင်ခဲ့ပေမယ့်လည်း ဝင်ဘယ်လ်ဒန်အိုးပင်းမှာ ခုနစ်ကြိမ်တိုင်တိုင် ချန်ပီယံဆုရယူထားနိုင်ခဲ့တဲ့ဖက်ဒရာရဲ့ အတွေ့အကြုံကို မယှဉ်နိုင်ဘဲ အရှုံးပေးခဲ့ရတာ ဖြစ်ပါတယ်။

နိုဗက်ဂျိုကိုဗစ်ချ်ကတော့ဦးစားပေး အဆင့်(၂၁)သာရရှိသူ ပြင်သစ်နိုင်ငံသား ဂက်စကွက်ကို ၇-၆၊ ၆-၄၊ ၆-၄ နဲ့ အနိုင်ကစားပြီး ဗိုလ်လုပွဲကိုတက်ရောက်လာခဲ့တာဖြစ်တဲ့အတွက် ဖက်ဒရာထက် ပိုမိုလွယ်ကူတဲ့ အနေအထားနဲ့ ဗိုလ်လုပွဲခရီးကို ချီတက်လာခဲ့တာဖြစ်ပါတယ်။

ယခုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ခြင်းက ဖက်ဒရာအတွက် (၂၆)ကြိမ်မြောက် ဂရင်းစလင်းဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆွစ်တင်းနစ်ကစားသမားအနေနဲ့ (၁၈)ကြိမ်မြောက်ဂရင်းစလင်းချန်ပီယံဆုကို ရယူပြီး ဝင်ဘယ်လ်ဒန်အိုးပင်းဖလားကို ရှစ်ကြိမ်တိုင်ကိုင်မြှောက်နိုင်တဲ့ ကမ္ဘာ့ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းရေးထိုးနိုင်မလားဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

၂၀၁၄ ဘယ်လ်ဒန်အိုးပင်း ဗိုလ်လုပွဲအဖြစ် သူတို့နှစ်ဦး တွေ့ဆုံခဲ့တုန်းက ဂျိုကိုဗစ်ချ်က ၆-၇(၇-၉)၊၆-၄၊၇-၆(၇-၄)၊၅-၇၊၆-၄နဲ့ အနိုင်ယူပြီး ဝင်ဘယ်လ်ဒန်အိုးပင်းချန်ပီယံဘွဲ့ကို ရယူခဲ့ပါတယ်။ ဒါကြောင့် ဒီ၂၀၁၅ ဗိုလ်လုပွဲမှာလည်း ၂၀၁၄ တုန်းကလို ဖျော်ဖြေမှုအပြည့်အဝပေးမယ့် နောက်ထပ်ပွဲတစ်ပွဲဖြစ်လာဖို့ တင်းနစ်ပရိသတ်တွေက ကြိုတင်မျှော်လင့်နေကြပါပြီ။

သူတို့နှစ်ဦး ပြိုင်ဘက်တွေအဖြစ်စုစုပေါင်း ၃၉ ကြိမ် တွေ့ဆုံခဲ့ရာမှာ ဖက်ဒရာက အကြိမ်၂၀၊ ဂျိုကိုဗစ်ချ်က ၁၉ ကြိမ် တစ်ယောက်တစ်လှည့်စီ အနိုင်ယူထားနိုင်ခဲ့တဲ့အတွက် မှတ်တမ်းတွေအရ သူတစ်ပြန် ကိုယ်တစ်ပြန် အနိုင်ယူထားနိုင်တာကို တွေ့ရပါတယ်။ ဒီပွဲမတိုင်မီ ၂၀၁၅ အတွင်း မာစတာစီးရီး ဗိုလ်လုပွဲတွေမှာ သူတို့နှစ်ဦး သုံးကြိမ်တွေ့ဆုံထားပြီး ဂျိုကိုဗစ်ချ်က နှစ်ကြိမ်အနိုင်ယူနိုင်ခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်က လက်ရှိမှာ လက်စွမ်းထက်နေပြီး ဗိုလ်စွဲဖို့ပိုမိုရေပန်းစားနေတဲ့ ကစားသမားဖြစ်ပေမယ့် သမ္မာမှာတော့ ဖက်ဒရာက သာပါတယ်။ ဒါပေမယ့် ဖက်ဒရာက (၃၄)နှစ်၊ဂျိုကိုဗစ်ချ်က (၂၈) နှစ်ပဲ ရှိသေးတဲ့အတွက် ပွဲချိန်အကြာကြီးကစားခဲ့ရမယ်ဆိုရင် ဂျိုကိုဗစ်ချ်အနေနဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့ အလားအလာကောင်းသွားမှာဖြစ်ပါတယ်။ တကယ်လို့ ဖက်ဒရာသာ မာရေးနဲ့ပွဲကလို အချိန်တိုတိုအတွင်း ပွဲကို မြန်မြန်ပြတ်အောင် ကစားနိုင်ခဲ့ရင်တော့ ယခုဝင်ဘယ်လ်ဒန်ဖလားက ဖက်ဒရာအတွက် ဖြစ်လာမှာပါ။

လက်ရှိကမ္ဘာ့အဆင့်(၁)နဲ့(၂)နေရာကို ရယူထားနိုင်တဲ့ သူတို့နှစ်ဦးရဲ့ တွေ့ဆုံယှဉ်ပြိုင်မှုကို ဇူလိုင်၁၂ ရက်မှာ တင်းနစ်ပရိသတ်တွေ ရှုစားရတော့မှာ ဖြစ်ပါတယ်။

# အိုဇေးလ် အား ခေါ်ယူရန် ဂျူဗင်တပ် ကြိုးပမ်း

အာဆင်နယ်ကွင်းလယ်ကစားသမားအိုဇေးလ်မှာ ပီယာလိုထွက်ခွာသွားသည့် ဂျူဗင်တပ်အသင်း၏ ကွင်းလယ်ကွက်လပ်ကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့်သူဖြစ်သည့်အတွက် ဂျူဗင်တပ်က မြင့်မားသောပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းလာခဲ့သည်။ သို့သော်လည်းအာဆင်နယ်က အိုဇေးလ်မှာ ရောင်းချမည့်ကစားသမားမဟုတ်ဟု ချက်ချင်းပင်တုံ့ပြန်ခဲ့သည်။

ဝင်းဂါးက လာမည့်ဘောလုံးရာသီတွင် အိုဇေးလ်ဗဟိုပြုကစားကွက်ဖြစ်သည့် ၄-၂-၃-၁ကစားကွက်ဖြင့် ပရီမီယာလိဂ်ဖလားစိန်ခေါ်နိုင်ရန်ပြင်ဆင်နေသော်လည်း ဂျူဗင်တပ်က ဗီဒယ်လ်အားခေါ်ယူလိုလျှင် အာဆင်နယ်အနေဖြင့် အိုဇေးလ်အား ပြန်လည်ရောင်းချရလိမ့်မည်ဟု ပြောကြားခဲ့သည်။



အာဆင်နယ်သည် တိုက်စစ်နေရာ အတွက် ဘင်ဇီမာ၊ ကွင်းလယ်တွင် ဗီဒယ်လ်နှင့် နောက်တန်းအတွက် အော်တာမန်ဒီတို့အား ခေါ်ယူရန် ကမ်းလှမ်းထားသော်လည်း ယခုထိ မည်သည့် အပြောင်းအရွှေ့မျှ ဖြစ်မြောက်လာခြင်းမရှိသေးဘဲ ဂိုးသမား ပီတာဆက်ချ်တစ်ဦး တည်းကိုသာ အပြီးသတ် ခေါ်ယူနိုင်ခဲ့သည်။

ကွင်းလယ် ကစားကွက် အငြိမ်ထိုင်ပြီး ကစားလေ့ရှိသည့် စီးရီးအေကစားဟန်နှင့် အိုဇေးလ်မှာ အလုံးစုံအံဝင်သည့် ကစားသမားဖြစ်ရာ ဂျူဗင်တပ်က ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ် သည်။ ထို့ပြင် အိုဇေးလ်မှာ အာဆင်နယ်တွင် ရီးယဲလ်မက်ဒရစ်၌ ပြသခဲ့သော ခြေစွမ်းမျိုး ပျောက်ဆုံးနေခဲ့သောကြောင့် ဝေဖန်မှုများ ရင်ဆိုင်နေခဲ့ရရာ ဂျူဗင်တပ်သို့ လာရောက်ကစားရန် စိတ်ဝင်စားမှုရှိနိုင်မည်ဟု ဂျူဗီတာဝန်ရှိသူများက ယုံကြည်နေခြင်းဖြစ်သည်။

**မန်ယူနည်းပြဗန်ဟားလ်ကတိုက်စစ်မှူးရွန်းနီနှင့် ဝီလ်ဆင်တို့နှစ်ဦးတည်းဖြင့် ဘောလုံးတစ်ရာသီလုံးဖြတ်သန်းရန်မှာ လုံလောက်သောတိုက်စစ်အင်အားမဟုတ်ဟု ဝန်ခံခဲ့သော်လည်း အသစ်ခေါ်ယူထားသော ဒီပေးအားဗဟိုတိုက်စစ်မှူးနေရာထားကစားမည်ဟု အရိပ်အမြွက်ဆိုခဲ့သည်။**

မေလွဲသင်း - စုစည်းရေးသားသည်



# မန်ယူ တိုက်စစ်ပြဿနာ ရင်ဆိုင်ရနိုင်သည်ဟု ဗန်ဟားလ် ဝန်ခံ

ဗန်ပါစီ၏ မန်ယူအနာဂတ်မှာ ရှင်းလင်းမှုမရှိသေးသလို ဟာနန်ဒက်ဇ်ကလည်း ဒဏ်ရာရရှိနေသောကြောင့် မန်ယူ၏ရာသီကြိုခြေစမ်းပွဲများတွင် တိုက်စစ်နေရာ၌ ရွန်းနီနှင့် ဝီလ်ဆင်တို့နှစ်ဦးတည်းသာ လိုက်ပါသွားကြသည်။

ဗန်ဟားလ်သည် တိုက်စစ်နေရာအတွက် စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ ပီအက်စ်ဂျီမှကာဗာနီ၊ ဘိုင်ယန်ကြယ်ပွင့် သောမတ်စ်မူလာ တို့အား ခေါ်ယူရန်ချိတ်ဆက်နေသော်လည်း လတ်တလောတွင် မည်သည့် အပြောင်းအရွှေ့မျှ ဖြစ်မြောက်လာခြင်းမရှိသေးပေ။

ဗန်ဟားလ်က နွေရာသီအပြောင်းအရွှေ့ကာလမှာ အချိန်အများကြီး ကျန်ရှိနေသေးသည့်အတွက် ထိုတိုက်စစ်မှူးသုံးဦးထဲမှ တစ်ဦးအား ဈေးကွက်မပိတ်သိမ်းမီ ခေါ်ယူနိုင်မည်ဟု ယုံကြည်ကြောင်း၊ အကယ်၍မခေါ်ယူနိုင်ခဲ့လျှင်လည်း မည်သို့ဖြေရှင်းရမည်ကို အဖြေရှာထားပြီးဖြစ်ကြောင်း ဆိုခဲ့သည်။

ဗန်ဟားလ်က“ ကျွန်တော်ရှာထားပြီးဖြစ်တဲ့အဖြေဆိုတာကို ခင်ဗျားတို့ ခန့်မှန်းနိုင်မယ်လို့ ထင်ပါတယ်။ ဒီပေးဟာ နယ်သာလန်လက်ရွေးစင်အသင်းမှာ ဗဟိုတိုက်စစ်နေရာမှာ ကောင်းကောင်းကစားနိုင်တဲ့ ကစားသမားမျိုးဖြစ်တဲ့အတွက် မန်ယူက သူ့အတွက် ပေါင် ၃၁ သန်းတောင် ဘာကြောင့် ပေးချေရသလဲ ဆိုတာ အဖြေပဲပေါ့။ သူ့အရွယ်မှာ သူဟာ ပြီးပြည့်စုံတဲ့ကစားသမား တွေထဲက တစ်ယောက်ပါ။ ပြီးတော့ ယုံကြည်မှုအပြည့်ရှိသူဖြစ်တဲ့အတွက် ဒီထက်ခြေစွမ်းအများကြီး တက်လာဦးမှာပါ။ ဒါပေမယ့် တိုက်စစ်ကစားသမားတစ်ယောက်ကိုတော့ ရာသီ မသိမ်းခင် ခေါ်ယူနိုင်ရင် အကောင်းဆုံး ဖြစ်လာမှာပါ” ဟုဆိုခဲ့သည်။

မန်ယူ၏ ရာသီကြိုခြေစမ်းပွဲတွင်

## ဘက်ခမ်းနှင့် နှိုင်းယှဉ်ရန် မလိုကြောင်း ဂျာရတ် တောင်းဆို

လီဗာပူးမှအယ်လ်အေဂလက်စီသို့ပြောင်းရွှေ့သွားသည့် စတီဗင်ဂျာရတ်က ပရိသတ်များအနေဖြင့် ၎င်းအား အင်္ဂလန်ကစားဖော် ဒေးဗစ်ဘက်ခမ်းနှင့်နှိုင်းယှဉ်ခြင်းမပြုရန် တောင်းဆိုခဲ့သည်။ ဂျာရတ်က ဘက်ခမ်းမှာအင်မတန် ကြည့်ကောင်းသည့်ရုပ်ရည်မျိုးရှိသော်လည်း သာမာန်ရုပ်ရည်မျိုးသာရှိသည့် ၎င်းနှင့်ထိုအချက်ဖြင့်ပင် လုံးဝကွဲပြားမှုရှိမည်မှာသေချာကြောင်း၊ သူ၏ခြေစွမ်းနှင့်ပတ်သက်၍သာ ပရိသတ်များအနေဖြင့် စောင့်ကြည့်အကဲဖြတ်စေလိုကြောင်း ပြောကြားခဲ့သည်။

ဘက်ခမ်းသည် ၂၀၀၇ ခုနှစ်က ရီးယဲလ်မက်ဒရစ်မှ အယ်လ်အေဂလက်စီသို့ပြောင်းရွှေ့ခဲ့ပြီး ကစားသမားဘဝအဆုံးသတ်ရန် ပီအက်စ်ဂျီသို့ မထွက်ခွာမီ ငါးနှစ်တာကာလအတွင်း ဂလက်စီအတွက် မေဂျာလိဂ်ဖလားနှစ်လုံးရယူပေးခဲ့သည်။ ဘက်ခမ်းသည် ဥရောပမှ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ပြီး ဘောလုံး လောကအားစိတ်ဝင်စားမှုနည်းသော အမေရိကန်ပရိသတ်များအတွက် ဘောလုံးရသတစ်ခုကို ဖန်တီးပေးခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းတွင် နာမည်ကျော်ကစားသမားများဖြစ်သည့် အွန်နရီ၊ ကိန်း၊ လမ်းပတ်၊ ပီယာလိုနှင့် ဂျာရတ်တို့ပါ မေဂျာလိဂ်သို့ပြောင်းရွှေ့ကစားလာခဲ့ကြခြင်းဖြစ်သည်။

# tyirf;opt umt u ,ay;a&;Oya'Ulur;

## (jynorf; o&avvmtbujyKEi&e azmjyjci;jzpyf;on/)

**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း**

**(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၇ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ**ဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး** ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများ ပါရှိသည့်အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်** ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာ တစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏ လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အပင်မျိုးတစ်မျိုးကိုမွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကို လည်းကောင်း၊ အပင်မျိုးမွေးမြူသူအားအဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(င) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းသော အခွင့်အရေး ဖြစ်သည်။

(စ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ၎င်းအပင်မှ ရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကိုဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်။

**အခန်း(၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့် ဆက်စပ် အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါ အားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၄)**

**ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူအား အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက် ပေးနိုင်သည်။

**အခန်း(၅)**

**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ**

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်-

(က) အဆိုပါ မျိုး၏ မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် (၁) နှစ်ထက်စော၍ သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍ သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက (၆) နှစ်ထက်စော၍ သော်လည်းကောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်း မရှိစေရ၊

(ခ) အဆိုပါ မျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှု မရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည်အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာ ရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာ ဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်အား အမည်ပေးရာတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မျိုးအမည် ပေးရမည်။

**အခန်း(၆)**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကို ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း**

၁၅။ အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးကို အောက်ပါ ပုဂ္ဂိုလ်များအားလုံးလျှောက်ထားခွင့်ရှိစေရမည်-

(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊

(ခ) အပင်မျိုးသစ်မွေးမြူသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုး မွေးမြူသူအားရပိုင်ခွင့် အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက်ကာကွယ်ခွင့် လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို တာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ပုဒ်မ ၁၄ အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် အပင်မျိုးသစ် တစ်မျိုးတည်းအား အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေး အခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည် -

(က) အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ် စစ်ဆေးစဉ်ကာလအတွင်း ယင်းမျိုးသစ်အား စီးပွားဖြစ်အသုံးချနိုင်ရန်အလို့ငှာ ယာယီကာကွယ်နိုင်သည့်အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ ကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းအား ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှု တစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

**အခန်း(၇)**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်နှင့် ရပိုင်ခွင့်ကို ကာကွယ်နိုင်သည့် အခြေအနေများ**

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် -

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပမှ တင်သွင်းခြင်း၊

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများ ဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ယင်း၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော မျိုး၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြုစိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသော အပင်မျိုး၏ ထုတ်ကုန်များနှင့် ပတ်သက်၍ ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါမျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည် -

(က) ကာကွယ်ခွင့်ရရှိထားသည့်မျိုးအသစ်မှ တိုက်ရိုက်ထပ်ဆင့် မွေးမြူရရှိသည့် မျိုးများ၊

(ခ) ကာကွယ်ခွင့်ရရှိထားသောမျိုးအသစ်နှင့် သိသာစွာ ကွဲပြားခြားနားခြင်းမရှိသည့် မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသောမျိုးအား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့် မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့်ပေးရမည် -

(က) စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်မပြုခြင်း၊

(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊

(ဂ) တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊

**စာမျက်နှာ ၁၆ သို့**

## ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့် အခွင့်အရေးမရှိစေရ -

(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့်ရရှိထားသော ယင်းမျိုးသစ်အား ထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏ အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်ခြင်းအား ကန့်သတ်ချက် မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ မည်သူမဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ရောင်းချခြင်း စသည့်အကြောင်းအခြင်းအရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့်အကြောင်းအခြင်းအရာများသည် မည်သည့်အခြေအနေတွင်မဆို ဤဥပဒေ၏ အကျိုးသက်ရောက်မှုအား ထိခိုက်ခြင်း အလျဉ်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့် ရရှိသည့်နေ့မှ စတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် နှစ် ၂၀ သတ်မှတ်သည်။

### အခန်း(၈)

### အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့်ဖျက်သိမ်းခြင်း

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည်-

(က) အပင်မျိုးသစ်အား ကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်အား ကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူတင်ပြရမည့် မျိုးသစ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့်အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်နိုင်သည့် အခွင့်အရေးအား ဖျက်သိမ်းရမည်-

(က) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များအား ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့်စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ယင်း၏ ရပိုင်ခွင့်အခွင့်အရေးအား ဆက်လက် ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အခြေအနေများတွင်မဆို အပင်မျိုး မွေးမြူသူ၏အခွင့်အရေးကို ဖျက်သိမ်းခြင်းမရှိစေရ။

### အခန်း(၉)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်အား ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် ကျပ်ဆယ်သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်း ငါးဆယ်အထိ ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

### အခန်း(၁၀)

### အထွေထွေ

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၂။ အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများအား လျှောက်ထားသူမှ ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူမှ ပေးဆောင်ရမည့် အခွန်အခများအား သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ကို“ခန့်ထားသည့် ဆေးဆရာ ဆိုသည်မှာ” ဤအက်ဥပဒေအလို့ငှာ **“ကျန်းမာရေးဝန်ကြီးဌာနက ခန့်ထားသည့် ဆရာဝန်”**ကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို “ကာလသားရောဂါ”ဆိုသည့်စကားရပ်အစား **“လိင်ဆက်ဆံမှုမှ ဆက်နွယ်ကူးစက်တတ်သောရောဂါ”** ဟုအစားထိုးပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် **“ကာလသားရောဂါ၊ ဆစ်ဖလစ်နာ၊ ဂနိုရီယာ(ခ) ညောင်းကျနာ၊ ရှံကာအပြော့နာနှင့် အခြားလိင်ဆက်ဆံမှုမှ ကူးစက်တတ်သော ရောဂါ**တို့လည်း ပါဝင်သည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော “ရဲအုပ်” ဆိုသည့် စကားရပ်ကို **“ဒုတိယ ရဲအုပ်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပုဒ်မ ၅ ပုဒ်မခွဲ (၁)တွင်ပါရှိသော **“ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်”** ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၅။ ပုဒ်မ ၆ တွင်ပါရှိသော **“ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်”** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင်-

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၁)၌ ပါရှိသော “သုံးနှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်စီရင်နိုင်စေရမည်” ဆိုသည့် စကားရပ်ကို **“တစ်နှစ်ထက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်”**ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ **“ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်”** ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၅)၌ ပါရှိသော “တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၁၀၀၀ ကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်နိုင်စေရမည်” ဆိုသည့်စကားရပ်ကို **“တစ်နှစ် ထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ ၁၀၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်”**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင်ပါရှိသော “ခန့်ထားသည့် ဆေးဆရာ”၊ “ဆေးဆရာ”၊ “စာရင်းဝင် ဆေးဆရာ”ဆိုသည့် စကားရပ်များကို **“ခန့်ထားသည့်ဆရာဝန်”** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “ရာဇဝတ်တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးနှင့် အထူးအာဏာလွှဲအပ်ခြင်းခံရသော ပဥ္စမတန်းရာဇဝတ် တရားသူကြီး” ဆိုသည့်စကားရပ်တို့ကို **“မြို့နယ်တရားသူကြီး သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးများ”** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “ကာလသားရောဂါ” ဆိုသည့်စကားရပ်အစား **“လိင်ဆက်ဆံမှုမှ ဆက်နွယ်ကူးစက်တတ်သော ရောဂါ”** ဟုလည်းကောင်းအသီးသီး အစားထိုးရမည်။

၈။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၁၇-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၇-က။ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# ရေဆိုးထုတ်မြောင်း တူးဖော်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ရေတင်နစ်မြုပ်မှု လျော့ပါးစေရေးအတွက် ဇူလိုင် ၁၀ ရက်က အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းဝဲယာ ရေဆိုးထုတ်မြောင်း ၅ ပေ အကျယ်၊ ၅ပေ အနက် အရှည်ပေ ၃၇၀၀အား စက်ယန္တရားကြီးများဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌဦးကြည်စိုးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူ့အကျိုးပြုလုပ်ငန်း စိတ်ပါဝင်စားသူများ ပူးပေါင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

လမ်းဘေးဝဲယာ ၉၀ ရာခိုင်နှုန်းပြီးမြောက်သော်လည်း ရေဆိုးထုတ်သာယာကုန်းချောင်းဘေး ဝဲယာချောင်းပေါ် လူနေအိမ်များ ဈေးဆိုင်များ ဆောက်လုပ်နေထိုင်မှု၊ မြောင်းပေါ် အဆောက်အအုံများဆောက်လုပ်ထားမှုများကြောင့် ရေနုတ်မြောင်းများ တူးဖော်ရာတွင် အခက်အခဲများရှိနေကြောင်း၊ လှိုင်သာယာရပ်ကွက်များ ရင်ဆိုင်တွေ့ကြုံခံစားနေရ အတော်များများ၌ ၎င်းအခက်အခဲ ကြောင်း သိရသည်။

**(၃၂၉)**




# ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်း ရှင်းလင်းပြီး

**မုံရွာ ဇူလိုင် ၁၁**

မုံရွာမြို့ လူမှုဖူလုံရေးလမ်းတွင် လုပ်ကိုင်လျက်ရှိသော ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်းကြောင့် မကောင်းသော အနံ့အသက်၊ မကောင်းသော မြင်ကွင်းနှင့်အသံများ ကြုံတွေ့နေရကြောင်း ဇူလိုင် ၄ ရက်ထုတ် ကြေးမုံသတင်းစာ၏ မန္တလေးစာမျက်နှာတွင် ပါရှိလာခြင်းအပေါ် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးဌာနစိတ် ဝန်ထမ်းများက ဇူလိုင် ၄ ရက်နှင့် ၅ ရက်နေ့များတွင် ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေး ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)

# အီရန် နျူအရေး

## နိုးလျက်နှင့်ဝေး

à ကိုရင်ညြ



အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့မှာ သံတမန်ရေးအရ အပြင်းအထန် လွန်ဆွဲကြရသော ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်နေကြဆဲဖြစ်ပြီး ကုလသမဂ္ဂ က အီရန်နိုင်ငံ၏ ဒုံးလက်နက် အစီအစဉ်အပေါ် ဒဏ်ခတ်ပိတ်ဆို့ထားမှုများ အဆုံးသတ်ပေးရန် ယင်းနိုင်ငံက တောင်းဆိုထားရာ အနောက်အုပ်စုမှာ ရှေ့မတိုးသာနောက်မဆုတ်သာ အနေအထားနှင့် နှာခေါင်းကျည်ပွေ့ တွေ့ရလေပြီ။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့သည် နျူကလီးယားဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် အကြိတ်အနယ် ဆွေးနွေးငြင်းခုံခဲ့ကြရပြီး ဆွေးနွေးရန် နောက်ဆုံးသတ်မှတ်ရက် ကျော်လွန်သည်အထိ နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် အနေအထားသို့ လက်စသိမ်းရောက် မလာဘဲ ဘတစ်ပြန် ကျားတစ်ပြန် အခြေအနေတွင် လုံးလားထွေးလား ရှိနေကြဆဲပင်ဖြစ်သည်။

အီရန်နိုင်ငံ၏ တိုက်ချင်းပစ် ဒုံးပျံအစီအစဉ်အပေါ် အကြောင်းပြု၍ ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ခြင်းကို အဆုံးသတ်ပေးရန် ယင်းနိုင်ငံက တမ်းတမ်းစွဲ တောင်းဆိုခဲ့လေသည်။

တိုက်ချင်းပစ် ဒုံးပျံအစီအစဉ်နှင့် နျူကလီးယားအစီအစဉ်တို့ကို ထွေးရောယှက်တင် မပြုသင့်ဟု အီရန်က အခိုင်အမာ ပြောကြားခဲ့သည်ဟု အနောက်တိုင်း သံတမန်တစ်ဦးက ပြောကြားသည်။

အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ကုလသမဂ္ဂ လက်နက်ပိတ်ဆို့မှု အရပ်ရပ်ကို ရုပ်သိမ်းပေးရန် တောင်းဆိုမှုကြောင့် ယင်းနိုင်ငံ၏ လျှို့ဝှက်နက်နဲသော နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ကန့်သတ်နိုင်ရန် ဦးတည်သည့် သဘောတူညီချက်ရရှိရေးတွင် နှေးကွေးကြန့်ကြာမှု ဖြစ်ရလေပြီ။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ထိန်းချုပ်ကန့်သတ်ခွင့် ရရှိမည်ဆိုပါက အပြန်အလှန်အားဖြင့် ယင်းနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်အရေးယူထားမှု ရုပ်ဆိုင်းပေးရန် အလျှော့အတင်း စေ့စပ်စကားဆိုခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား အစီအစဉ်နှင့် ဒုံးလက်နက် အစီအစဉ်တို့ကို အကောင်အထည်ဖော်ရန် အခွင့်အရေး ရှိသင့်သည်ဟု ဆိုသည်။ နျူကလီးယားစွမ်းအင် ထုတ်လုပ်မှုသည် မိမိတို့၏ ပိုင်ခွင့်ဖြစ်သလို နိုင်ငံတော် ကာကွယ်ရေး အတွက် တိုက်ချင်းပစ်ဒုံးပျံ ထုတ်လုပ်ခွင့်သည်လည်း ပိုင်ခွင့်ဖြစ်သည်ဟု အီရန်ဘက်မှ အကြောင်းပြပြောဆိုခဲ့သည်။

နျူကလီးယားသည် စွမ်းအင်တစ်ခုဖြစ်ပြီး နျူကလီးယားဓာတ်ပြုမှုများမှ တစ်ဆင့် ထုတ်ယူရရှိသည်။ ရောင်းတန်းစက်ရုံများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် နျူကလီးယားပြိုကွဲမှု တုံ့ပြန်ချက်များကို အသုံးပြုလေသည်။

လျှပ်စစ်သုံးစွဲမှုအတွက် ဓာတ်ပေါင်းဖိုများသည် ရေကိုအပူပေးပြီး ထွက်ရှိလာသည့် ရေနွေးငွေ့ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးပြုသည်။

နျူကလီးယား ဓာတ်ပြုပေါင်းစပ်မှုများသည် နျူကလီးယားပြိုကွဲခြင်းထက် ပိုမိုလုံခြုံစိတ်ချရသည်။ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများ ထုတ်လွှတ်မှုနည်းပါးသည်။ စက်ရုံသုံး ဓာတ်အားအဆင့်ထိ ဖန်တီးထုတ်လုပ်နိုင်သည်။

၁၉၅၀ ပြည့်နှစ်များမှစ၍ မျက်မှောက်ကာလအထိ နျူကလီးယားဓာတ်ပြုပေါင်းစပ်မှုစွမ်းအားကို ကမ္ဘာ့နိုင်ငံများ အင်တိုက်အားတိုက် စူးစမ်းရှာဖွေနေကြဆဲဖြစ်ပြီး ယင်းနိုင်ငံများတွင် အီရန်နိုင်ငံလည်းပါဝင်သည်။

နျူကလီးယားဓာတ်ပြိုကွဲခြင်းနှင့် ဓာတ်ပြုပေါင်းစပ်ခြင်းနှစ်ရပ်လုံးသည် အာကာသပျံသန်းရေး ဆက်စပ်ပစ္စည်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အနည်းငယ်မျှသော ထုထည်ဓာတ်ပြုခြင်းဖြင့် အာကာသခရီးသွားနိုင်ရန် အထောက်အပံ့ပြုသည်။

နျူကလီးယားဓာတ်ပြုမှုများ၏ အလွန်မြင့်မားသော စွမ်းအင်သိပ်သည်းဆသည် ဓာတုပစ္စည်းဓာတ်ပြုခြင်းများဖြင့် အသုံးပြုနေသည့် ယနေ့ခေတ်ဒုံးပျံများ၏ စွမ်းအားထက် ပိုမိုစွမ်းဆောင်နိုင်သည်။

နျူကလီးယား စွမ်းအားထုတ်လုပ်ခြင်းပတ်သက်၍ ငြင်းခုံမှုသည် ကာလရှည်အငြင်းပွားမှုအကြောင်းတရားဖြစ်သည်။

နျူကလီးယားစွမ်းအား အသုံးပြုခြင်းဆိုင်ရာ ငြင်းခုံမှုသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

နျူကလီးယားစွမ်းအားသည် ရေရှည်တည်တံ့သော စွမ်းအားအရင်းအနှီးတစ်ခုဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချ၍ နိုင်ငံခြားရေနံအပေါ် မှီခိုအားထားမှုကို လျော့ကျစေခြင်းဖြင့် စွမ်းအင်စိတ်ချလုံခြုံမှုကို တိုးပွားစေသည်။ နျူကလီးယားစွမ်းအားသည် လေထုညစ်ညမ်းမှုဖြစ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များနှင့် မီးခိုးမှိုင်းတို့ကို ဖြစ်ပေါ်စေခြင်းမရှိဘဲ ရုပ်ကြွင်းလောင်စာများ၏ နေရာတွင် အဆင်အပြေဆုံး အစားထိုးလောင်စာအဖြစ် ရပ်တည်လာသည်။

စွမ်းအင်အမှီ အခိုကင်းရေးအတွက် နျူကလီးယားစွမ်းအားသည် တစ်ခုတည်းသော ပြေလည်စေမည့် နည်းလမ်းတစ်ရပ်ဟု ယုံကြည်ကြသည်။

နျူကလီးယား စွန့်ပစ်ပစ္စည်းများ ထားသိုရသည့် အန္တရာယ်မှာ သေးငယ်ပြီး ဓာတ်ပေါင်းဖိုအသစ်များတွင် နောက်ဆုံးပေါ် နည်းပညာသုံးစွဲခြင်းဖြင့် စွန့်ပစ်ပစ္စည်း လျှော့ချနိုင်သည့် အနောက်နိုင်ငံများတွင် လုပ်ငန်းဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးမှတ်တမ်းကောင်းမွန်လှသည်။

နျူကလီးယားစွမ်းအားသည် ပြည်သူများနှင့် ပတ်ဝန်းကျင်ကို များစွာခြိမ်းခြောက်လျက်ရှိသည်ဟု ယုံကြည်သူများလည်းရှိကြသည်။ ပြင်ဆင်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရေဒီယိုသတ္တိကြွ နျူကလီးယားစွန့်ပစ်ပစ္စည်းများ ထားသိုခြင်း ပြဿနာများ၊ နျူကလီးယားလက်နက်များ စုပုံလာခြင်း အန္တရာယ်နှင့် အကြမ်းဖက်မှုတို့ ပါဝင်ပြီး ကျန်းမာရေးအန္တရာယ်နှင့် ယူရေနီယံသတ္တုတွင်းကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုများလည်း ပါဝင်သည်။

အမေရိကန်နှင့် ယင်း၏ မဟာမိတ်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုမှာ အီရန်နိုင်ငံအနေဖြင့် အရပ်ဘက်သုံး နျူကလီးယား အစီအစဉ်ကို အကာအကွယ်ယူ၍ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့် စွမ်းပကားပိုင်ဆိုင်လာနိုင်ခြင်းဖြစ်သည်။

အီရန်နှင့် အမေရိကန်ဦးဆောင်သော အနောက်အုပ်စုအကြား နျူကလီးယားဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိလာကြမည်ဆိုပါက ဆယ်စုနှစ်ပေါင်း အတန်ကြာကာလအတွင်း ထူးခြားအရေးပါဆုံး သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ပေလိမ့်မည်။

မိမိ၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ပြီးပြည့်စုံသည်ဟု အီရန်နိုင်ငံက ပြောကြားသည်။

နျူကလီးယား အစီအစဉ်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အီရန်နှင့် ရရှိခြင်းဖြင့် အမေရိကန်ပြည်ထောင်စုအတွက် ကာလရှည်ရန်ဘက်အဖြစ် ရပ်တည်ခဲ့ရမှုကို ပြည်ဖုံးကားချနိုင်ပေလိမ့်မည်။

၁၉၇၉ ခုနှစ်က မြို့တော် တီဟီရန်ရှိ အမေရိကန်သံရုံးကို စီးနင်းခဲ့ပြီးနောက် အီရန်တော်လှန်ရေးသမားများက လူ ၅၂ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ချိန် နောက်ပိုင်း ခါးသီးသော ရန်ဘက်များအဖြစ် နှစ်ရှည်လများ ရပ်တည်ခဲ့ကြသည်။

နျူကလီးယား သဘောတူညီချက် ရရှိရေးအတွက် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ အထက်တန်းသံတမန်များက မာရသွန်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည်။

မကြာမီ သဘောတူညီချက်တစ်ရပ် ရရှိနိုင်သည်ဟု စေ့စပ်ဆွေးနွေးရေးမှူးများက မျှော်လင့်ချက် ကြီးကြီးမားမား ရှိနေခဲ့ကြသည်။ အီရန်နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုကို အဆုံးသတ်နိုင်ခြင်းဖြင့် ယင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ကာ ရေနံထုတ်ကုန်များကို တိုးမြှင့်တင်ပို့လာနိုင်မည်ဖြစ်သည်။

အီရန်နှင့် အနောက်အုပ်စုတို့ ပြန်လည်သင့်မြတ်လာကြခြင်းဖြင့် နိုင်ငံတကာ ဆက်ဆံရေးတိုးတက်လာမည်မှာ သေချာလှသော်လည်း အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများမှာ နျူကလီးယား သဘောတူညီချက်ရရှိမည့်အရေး ပူစပ်ပူလောင်ဖြစ်နေကြသည်။

အထူးအားဖြင့် အစ္စရေးနိုင်ငံသည် အီရန်နှင့် အနောက်အုပ်စုတို့ နျူကလီးယားသဘောတူညီချက်ရရှိခြင်းကို ပေါ်ပေါ် လွင်လွင်ပင် ကန့်ကွက်ထားသည်။

အီရန်နှင့် နျူကလီးယားဆိုင်ရာသဘောတူညီချက်ရယူခြင်းမပြုရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟူက အမေရိကန်နှင့် ဥရောပ ခေါင်း ဆောင်များအား အခါအခွင့်သင့်လေတိုင်း တိုက်တွန်းခဲ့သည်။ နေတန်ယာဟူသည် အီရန်နိုင်ငံအပေါ် ယုံကြည်ချက် အကြွင်းမဲ့ကင်းမဲ့ နေသူဖြစ်သည်။

ပါရှန်ပင်လယ်ကွေ့ရှိ ဆော်ဒီအာရေဗျ နှင့် အာရပ်နိုင်ငံအများအပြားကလည်း အီရန်နှင့် သင့်မြတ်ခဲ့ခြင်းမရှိသဖြင့် ယင်း နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု ဆက်လက်ပြုလုပ်ရန် လိုလားကြသည်။

အရှေ့အလယ်ပိုင်းဒေသ၌ အီရန်နိုင်ငံ၏ အခန်းကဏ္ဍနှင့် ဆက်စပ်၍ ဆယ်စုနှစ်ပေါင်းများစွာ ဝေဖန်လာသည့်နိုင်ငံမှာ ဆော်ဒီအာရေဗျဖြစ်သည်။

အီရန်နိုင်ငံက ဟစ်ဇဘိုလာ ပြောက်ကျားအဖွဲ့ကို ထောက်ခံအားပေးခြင်းသည် ယင်းနိုင်ငံ၏ ဩဇာအာဏာချဲ့ထွင်မှုဖြစ်သည်ဟု ဆော်ဒီအာရေဗျက ဝေဖန်ခဲ့သည်။

၂၀၀၅ ခုနှစ်က လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံသတ်ဖြတ်ခံရမှု၌ ဟစ်ဇဘိုလာအဖွဲ့ ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲချက်ပေါ်ထွက်ခဲ့သည်။ ဟာရီရီသည် ဆော်ဒီအာရေဗျနှင့် ခိုင်မာသော ဆက်ဆံရေးရှိသူဖြစ်သည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲမှာ နောက်ဆုံးသတ်မှတ်ရက် ဇူလိုင် ၁၀ ရက်အထိ ပြီးပြတ်ခြင်းမရှိသဖြင့် ရက်သတ္တပတ်ကုန်အထိ ဆက်လက်ဆွေးနွေးရဖွယ်ရှိနေသည်။

နိုင်ငံတကာ စေ့စပ်ဆွေးနွေးရေးမှူးများသည် အဆိုပြုချက် အမျိုးမျိုးအတွက် သဘောထားရပ်တည်ချက်များကို ပြောင်းလဲခဲ့ကြသဖြင့် သဘောတူညီချက်မရဘဲ ရှိနေဆဲဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်က ဇူလိုင် ၁၀ ရက်တွင် ဝေဖန်ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်းမရှိသေးကြောင်း၊ ဆွေးနွေးပွဲကို ကာလအကန့်အသတ်မရှိ ပြုလုပ်ရန်မှာလည်း မဖြစ်နိုင်ကြောင်း၊ ဆွေးနွေးပွဲကို ကပျာကသီ အဆုံးသတ်ရန်လည်း မိမိတို့ မလိုလားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ် ရီက ဝေဖန်ပြောကြားခဲ့ရာ တစ်ဦးကိုတစ်ဦး အပြစ်တင်ပြောဆိုသံများ ပေါ်ထွက်ခဲ့လေသည်။ ။



**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ဖြတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြပေးနေပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"လွမ်းစေတီကို ဘာလို့ မဖူးရဲရမှာလဲ မောင်၊ လွမ်းရမှာကိုလည်း မကြောက်ပါဘူး။ လွမ်းစရာဆိုတာရင်ထဲမှာနေတာ၊ ဘယ်ကို သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ၊ လွမ်းစရာရှိတဲ့လူက ရှိနေမှာပဲ။ မရှိတဲ့လူက ရှိမနေဘူး"

ကျွန်တော်သည် ငိုင်သွားမိသည်။ သဘာဝတ္တဗေဒ ကထိက မမကြိုင်ကို မရဲတရဲ ပြန်ကြည့်မိသည်။

ပင်ကိုအလှမပျက်သေးသော မမကြိုင်သည် အသက်အရွယ်၊ ပညာနှင့် လိုက်အောင် ခန့်တည်ခြင်း လွှမ်းနေသောကြောင့် သားနားရည်မွန်လျက်ရှိ၏။

အေးချမ်းသော်လည်း ဝေရီသော ကြိုင့်မျက်လုံးများကလည်း ကျွန်တော်၏ ရင်ကို စာဖတ်ဟန် စူးစိုက်ပြန်ကြည့်နေ၏။

ဤမျက်လုံးများက ဘာကို လျှို့ဝှက်ထားပါသနည်း။ ဤအကြည့်နှင့် ကြည့်နေသော ကြိုင်သည် ဘာစကားကို ပြောချင်နေပါသနည်း။

ကျွန်တော်သည် ဘာမျှ ပြန်မမေးမိ။ မမကြိုင်၏ မျက်လုံးများအောက်မှ ရှောင်ကာ ကားပေါ် အမြန်တက်၍ မောင်းထွက်လာခဲ့သည်။

စထရင်းဟိုတယ်ပါတီတွင် အလွန်ရင်းနှီးသော မိတ်ဆွေဆယ့်ငါးဦးသာရှိသည်။ သောက်တတ်သူ လက်ရွေးစင်များဖြစ်သောကြောင့် အားလုံးမူးကာ ပျော်ရွှင်နေကြသည်။

သူတို့အားလုံးက အနိုင်ကျင့်၍ ကျွန်တော့်ကို ဇွတ်အရက်တိုက်သည်။ ငြင်းရှောင်၍ မရသောအခါ ကျွန်တော်က သူတို့ ကျေနပ်အောင် သောက်ပြရသည်။

ကျွန်တော်သည် အူရိုင်းဖြစ်သော်လည်း ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်သောကြောင့် တစ်ခွက်နှစ်ခွက်ဆိုလျှင် ကိစ္စမရှိဟု ထင်သည်။ ဆရာဝန်ကြီးတစ်ဦးအနေနှင့် ကိုယ့်သတိကို ကိုယ်ယုံသည်။

သို့ရာတွင် တစ်ချီ အလိုလိုက်မိသည်နှင့် တစ်ပြိုင်နက် သူတို့က ပိုကဲလာသည်။ နှစ်ခွက်၊ သုံးခွက်၊ လေးခွက်၊ ငါးခွက်။ ညဉ့်ဆယ့်တစ်နာရီထိုးပြီးချိန် ပါတီပြီးသောအခါ ကျွန်တော် အတန်မူးနေပေပြီ။ သတိကောင်းဆဲဖြစ်သဖြင့် ကားကို ကောင်းကောင်းမောင်းကာ အိမ်အရောက် ပြန်နိုင်ခဲ့သည်။ အိမ်ဝ၌ လှိုင်တစ်ယောက်တည်း ဆီးကြိုနေသည်။

"ဖေဖေတို့ကော အိပ်ကုန်ကြပြီလား လှိုင် "

"ဟုတ်တယ်၊ အကျင့်မရှိဘဲ တောင်ပေါ်တက်လိုက်ကြရတော့ ပင်ပန်းသွားကြတယ် ထင်တယ်။ အိပ်ကုန်ကြပြီ "

ကျွန်တော်က လှိုင့်ကို ပြုံး၍ကြည့်သည်။ လှိုင်က ကျွန်တော်၏ မျက်လုံးများတွင် နှစ်ကိုယ်ခွဲ၍ ထွက်နေ၏။

"အား . . . စုလှိုင်ရယ် . . . ကိုကို မူးလိုက်တာ"

ကျွန်တော်က လှိုင့်ပုခုံးလေးကို ပွေ့ဆုပ်အားယူရင်း ပြောသည်။

"ဟင် . . . ကိုကို သောက်လာတယ်။ ကြည့်စမ်း . . . တော်တော်ဆိုးတဲ့ အစ်ကိုမောင်ကြီး"

လှိုင်က ချစ်စဖွယ်ရယ်ရင်းပြောသည်။

"ဒါဖြင့် ကိုကို မအိပ်လိုက်နဲ့ဦး။ နည်းနည်းလမ်းလျှောက်ကြည့်မလား "

"ဟုတ်တယ် . . . ကိုကိုလည်း လမ်းလျှောက်ချင်တယ်။ စုလှိုင်နဲ့တွဲပြီး လမ်းလျှောက်ချင်တယ် "

ကျွန်တော်နှင့် လှိုင်သည် တစ်ဦးခါးကို တစ်ဦးဖက်ပြီး ခြံတွင်း၌ လမ်းလျှောက်ကြသည်။

လမ်းလျှောက်ရင်း လှိုင်၏ ခါးကလေးကို တင်းကြပ်စွာ ပွေ့လျက် ကျွန်တော်က ပြုံးမိသည်။

"ကိုကို . . . ဘာပြုံးတာလဲ . . ."

"သြော် . . . ကိုကို တွေးမိလို့ပါ။ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ "

" အို . . . ကိုကို ဘာပြောတာလဲ "

ကျွန်တော်က ရယ်မောမိ၏။

" မဟုတ်ဘူးလား၊ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ။ နက်ဖြန်ကစ ချစ်သူတွေ မဟုတ်တော့ဘူး။ ကိုကိုက လင်၊ စုလှိုင်က ကိုကို့ ချစ်မယား။ ဒီတော့ . . ."

ကျွန်တော့်စကား မဆုံးလိုက်ရ၊ လှိုင်က သူ့လက်ဖဝါးလေးဖြင့် ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်သည်။ မျက်စောင်းလဲ့လဲ့ထိုးရင်းလည်း တားမြစ်သည်။

"တော် . . . တော် . . . ကိုကို၊ လှိုင် နားရှက်တယ် "

လှိုင် စိုက်ထားသော စွယ်တော်ပင်လေးအနီးတွင် ကျွန်တော်တို့ ရပ်လိုက်ကြသည်။

ကျွန်တော်သည် ရင်ချင်းအပ်အောင် လှိုင့်ကို ပွေ့ယူလိုက်သည်။

ထို့နောက်တွင် ကျွန်တော့်မျက်လုံးများက အိမ်အပေါ်ထပ်ရှိ ပြတင်းတစ်ခုဆီ ရောက်လျက်သားရှိနေ၏။

ပြတင်းမှ ခန်းဆီးသည် လျင်မြန်စွာ ကျသွားသော်လည်း လှုပ်ရှားကျန်ရစ်သည်။

ကျွန်တော်သည် လှိုင်နှင့် ကိုယ်ချင်းခွာလိုက်သည်။

" ကိုကို အိပ်ချင်ပြီ စုလှိုင်၊ အိမ်ထဲ ဝင်ကြစို့ . . . "

လှိုင်နှင့် ကျွန်တော်တို့ အိမ်ဆီ လျှောက်လာခိုက် မိုးပေါက်ကလေးများ တစ်ပေါက် နှစ်ပေါက်ကျလာကြသည်။

" မိုးရွာဦးမလား မသိဘူး ကိုကို . . . "

ကျွန်တော်ကောင်းကင်သို့ မော့ကြည့်သည်။

" လသာနေသေးသားပဲ၊ တစ်ပေါက် နှစ်ပေါက်ပဲ ထင်ပါတယ် "

အပေါ်ထပ် အခန်းတစ်ခု၌ လှိုင်တို့ ညီအစ်မ၊ သားအမိ စုအိပ်ကြသည်။ အခြားအခန်း၌ ဖေဖေနှင့် မေမေတို့ အိပ်ကြသည်။အောက်ထပ် အခန်းတစ်ခုတွင် ငြိမ်းမောင်နှင့် ကျွန်တော်တို့ အိပ်ကြ၏။

လှိုင့်နဖူးလေးကိုနမ်းကာ နှုတ်ဆက်ပြီး ကျွန်တော် အိပ်ရာဝင်ခဲ့သည်။ ငြိမ်းမောင်ကား တရှူးရှူးဟောက်ကာ အိပ်မောကျနေပေပြီ။ ကျွန်တော်က ဝတ်ထားသော ဥရောပဝတ်စုံတို့အနက် အပေါ်ကုတ်အင်္ကျီကိုသာချွတ်ပြီး ခုတင်ထက် လှဲလိုက်သည်။

ခေါင်းအုံးပေါ် ခေါင်းချလိုက်မိချိန်တွင် ပိုမိုမူးယစ်လာသည်။ ခဏတွင်ပင် တစ်လောကလုံးကို မေ့၍ ကျွန်တော် အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် ရေမွန်းနေ၏။ ရေနက်ထဲကူးလေ ရေနစ်လေ ဖြစ်နေသည်။ ငြိမ်းမောင်က ကျွန်တော့် ပုခုံးကို ကိုင်၍ ဇွတ်ဖက်ထားသောကြောင့် လှုပ်ရှား၍မရ။ ဇွတ်ရုန်းကန်တက်သဖြင့် ခေတ္တရေပြင်ထက်ပေါ်လာ၏။ ငြိမ်းမောင်အသံကို ကြားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ပြည်တွင်း၌သာခန့်ထားရန်

ယာဉ်မောင်း(ကျား) (၅)ဦး

- ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။
- လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရပါမည်။
- ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး နယ်ခရီးသွားနိုင်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ လစာခံစားခွင့်ရရှိမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် အကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ လိုင်စင်မိတ္တူတို့နှင့်အတူ Human Resource Development Department အခန်း(၁၂)၊ အဆောင်(၅)၊ MICT Park လှိုင်မြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

## တိုက်ခန်းရောင်းမည်

(အဆင့်မြင့်ပြင်ဆင်ပြီး)

သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သပြေ(၁)

လမ်း၊ ၃လွှာ၊ (ပေ၁၂½×၅၀)၊

ဈေးနှုန်း သိန်း (၂၇၀)

ဖုန်း-၀၉-၃၁၃၅၁၁၅၃၊ ၀၉-၂၅၄၁၁၁၄၅၅

## ရက်(၉၀)မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမ၊ အုတ်ဖိုမှတ်တိုင်၊ အဖွဲ့ခွဲ(၄၇၂)ပြည့်စုံအေးမိုးကုတ်ရိပ်သာ၊ ဝါတွင်းသုံးလ ရက်(၉၀)အထူးတရားစခန်းပွဲ တွင် တရားအားထုတ်နိုင်သူများ (အခမဲ့) အားထုတ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဖုန်း- ၀၉-၇၉၉၇၃၃၀၈၆၊ ၀၉-၇၉၉၇၃၃၀၈၇၊ ၀၉-၇၃၀၆၂၆၁၀

ရိပ်သာအကျိုးဆောင်အဖွဲ့




## အမြန်ငှားမည်

၁။ ရန်ကင်းစက်မှု(၁)လမ်း၊ မြေညီတိုက်ခန်း

၂။ ကမ္ဘာအေးဘုရားလမ်း၊ ပေ(၈၀×၈၀)၊ မြေသီးသန့်

၃။ အနောက်ရွှေဂုံတိုင်လမ်း ပေ( ၆၅×၆၅)-RC ၁½

ဖုန်း-၀၉-၅၁၂၀၇၄၇၊ ၀၉-၂၅၄၁၉၁၃၀၄(ရုံးချိန်အတွင်း)

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်များအနီး တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာပေ ၁၀၀၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှ မရှိသေးသောနေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ် တတ်သူများအတွက် စီးပွားရေးလုပ်ရန် ကောင်းသောနေရာအချက်အချာကျ ခြံစည်းရိုးခတ်ပြီး ရေ၊ မီးပါ။

ကျပ်သိန်း (၄၉၀၀)

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် (၅၅ပေ ×၁၄၅ ပေ)၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီး (၁)လုံးပါ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်းလုံးချင်းအိမ်ဖြစ်၍ နေလိုသူများအတွက်၊ ကွန်ဒိုတိုက်ခန်းဈေး(၁)ခန်းမျှသာရှိ သော၊ အလွန်သက်သာသော ဈေးနှုန်း၊ Master bed room (၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း၊ အောက်ထပ်ကြမ်းခင်းတစ်ခုလုံး ကြွေပြား အပြည့်ခင်း၊ ရေ၊ မီးအပြည့် အစုံ။

ကျပ်သိန်း (၃၅၀၀)

ဆက်သွယ်ရန်ဖုန်း - 09-5178979၊ 09-420301091၊ 01-560787၊ 01-572224

## တပ်မတော်အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးဝါးကုသ

**အင်္ဂပူ ဇူလိုင် ၁၁**

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်(မြောက်)ဒေသ မြတ်ဓမ္မရောင်ခြည် သာသနာ့ ဗိမ္မာန်တော်ကြီးတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှူအေးတို့၏ လမ်းညွှန်မှုဖြင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၄) စစ်မြေပြင်တပ်ရင်း နယ်လှည့်ဆေးကုသရေးမှ ရောဂါဗေဒပါရဂူ ဗိုလ်မှူးမျိုးမြင့်အောင် ဦးဆောင်သော တပ်မတော် အထူးကုဆရာဝန်များအဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်တွင် ဆေးကုသခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင်အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှူအေး ဦးဆောင်သော စစ်ဘက်ဆိုင်ရာ အရာရှိများက ဆေးကုသမှုခံယူနေသောလူနာများအတွက် ကြက်ဥနှင့် ထမင်းထုပ်များ ဝေငှပေးခဲ့သည်။

ယင်းဆေးဝါးကုသခြင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများ ကပါဝင်ကူညီပံ့ပိုးခဲ့ပြီး ကွင်းကောက်ဒေသပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ခြောက်ရွာ၊ နွားခြံ၊ တလိုင်းကွင်း၊ ဘွက်၊ ပိန္နဲကွင်း၊ စေတီခုံ၊ လှည်းမှောက်၊ စသောကျေးရွာများမှ လူနာ ၅၂၉ ဦးလာရောက်ကုသခဲ့ ကြောင်း သိရသည်။

**မန်းကျော်/ပြန်ဆက်**

## စက်ဖြင့်စပါးရိတ်ရာ၌ ပစ္စည်းလေလွင့်မှုမရှိစေရန် စက်မောင်းသူများ စိတ်ရှည်စွာ ဆောင်ရွက်ပေးရန် လယ်ပိုင်ရှင်များက မျှော်လင့်



**ဆင်တဲဝ ဇူလိုင် ၁၁**

စပါးစိုက်ခင်းတစ်ခင်းအား ရိတ်သိမ်းပါက သုံးရက်အတွင်းမှသာ စပါးရရှိသည့် အခြေအနေမှ နာရီပိုင်းအတွင်း စပါးဖြစ်လာသည့် အားသာချက်များနှင့် လုပ်သားအသုံးချမှုနည်းပါးခြင်း၊ ကုန်ကျစရိတ် သက်သာခြင်းစသည့် အားသာချက်များကြောင့်ထိုအခြေအနေများကို စွမ်းဆောင်ပေးနိုင်သော လယ်ယာသုံး စက်ပစ္စည်းများကို တောင်သူအားလုံးနီးပါး အသုံးပြုနေကြပြီဖြစ်သည်။

လယ်ယာသုံး စက်ပစ္စည်းများ၏ အားသာချက်များကြောင့် နောင်လာမည့်ကာလများတွင် လူအားထက် စက်ပစ္စည်း စွမ်းအားကို အသုံးပြုလာကြတော့မည်ဖြစ်ရာ လယ်ပိုင်ရှင်များအတွက် ပစ္စည်းလေလွင့်မှုမရှိစေရန် စက်မောင်းသူများမှာ စေတနာနှင့် စိတ်ရှည်မှုများ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် တောင်သူများက လိုလားလျက်ရှိသည်။

"အခု စက်ကြီးနဲ့ရိတ်နေတာပါ၊ တစ်ဧကကို ကျပ်ငါးသောင်းပါ။တစ်ဧကလုံး ရိတ်တာကို တစ်နာရီလောက်ပဲကြာတယ်။ အလွန်ကို မြန်ပါတယ်၊ ကျွန်တော့်လယ်က ရေမြောင်းနဲ့နီးတဲ့ လမ်းဘေးလယ်ဆိုတော့ ကျွံနေလို့ စက်က ပိုရုန်းရတယ်ဆိုပြီး တစ်သောင်းပိုပေးရပါတယ်။ လူနဲ့စာရင်တော့ ကုန်ကျစရိတ်က အတော်လေးကို သက်သာပါတယ်။

"လူနဲ့ရိတ်မယ် ဆိုရင် ၁၃ ယောက်ငှားရမယ်။ သယ်ယူစရိတ်ရှိတယ်။ စက်ခြွေခက ထက်ပြီးတော့ကုန်မယ်။ ရိတ်တဲ့ ခြွေတဲ့နေရာမှာလည်း လူသုံးယောက်လောက် ငှားရတယ်။ နောက်ပြီး လူနဲ့သုံးတာက ရိတ်တာ၊ ပုံတာ၊ ခြွေတာနဲ့ဆိုရင် သုံးရက်လောက်ကြာမှ စပါးရပါတယ်။ အခုက လယ်ကွင်းထဲကို စက်မောင်းလိုက်တာနဲ့ စပါးစေ့က တစ်နာရီအတွင်းရလာတာဟာ အားသာချက်ပါ။ အဲဒါကြောင့် ရိတ်သိမ်းချိန်တွေမှာတော့လယ်ယာသုံး စက်ပစ္စည်းတွေကိုအသုံးပြုမှာပါ" ဟု ပုသိမ်ကြီးမြို့နယ် ရွှေစုကျေး ရွာနေ ဦးအုန်းကျော် မြင့်က ပြောပြသည်။

၎င်းက "စက်ပစ္စည်းတွေကို သေသေချာချာ အသုံးပြုကြည့်တော့ မြန်ဆန် မှုရှိတာနဲ့အတူ ဟာကွက် အချို့ကိုလည်း တွေ့နေရတယ်။ အဓိကကတော့ စက်ပစ္စည်းရဲ့ ဟာကွက်ထက် စက်မောင်းသူရဲ့ စိတ်ရှည်မှုက အဓိကကျပါတယ်။ ကောက်ပင်တွေကျန်ခဲ့တာတွေရှိတယ်။ အဲဒီ အပင်တွေက သမန်းနဲ့ ဖုံးသွားတယ်။

"လယ်ပေါင်အခြေတွေမှာ အပင်တွေကျန်တာ။ နောက်ပြီး မောင်းသူက ကွေ့လိုက်တဲ့အချိန်မှာလဲ လေလွင့်မှုတွေရှိတယ်။ အဲဒါလေး ဂရုစိုက်သင့်တယ်။ နောက်ပြီး ဆန်ခါချတဲ့အချိန်မှာလည်း ဂရုစိုက်သင့်တယ်ပေါ့ဗျာ။ အဲဒါတွေကို စိတ်ရှည်လက်ရှည် လုပ်မပေးတာကြောင့်ပါ။

"သူတို့ စိတ်ရှည်တဲ့လယ်တွေကြတော့ အလေအလွင့်နည်းတာ တွေ့ရတယ်။ အရင်လူနဲ့အသုံးပြုပြီး ရိတ်တဲ့အခါ နှစ်တောင်းလောက်လေရင် စက်နဲ့ရိတ်တာက ငါးတောင်းလောက် လေတာကို သတိထားမိတယ် ဒါကြောင့် စက်မောင်းသူက လယ်ရှင်တွေအတွက် စိတ်ရှည်လက်ရှည် လုပ်ပေးရင် နှစ်ဦးနှစ်ဖက် ပိုပြီးအဆင်ပြေ မှာပါ"ဟု ၎င်းက ဆက်လက် ပြောပြသည်။

**ဖြိုးဝေ(ဆင်တဲဝ)**

## ဘားအံမြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်များအခမဲ့ဝေငှ



**ဘားအံ ဇူလိုင် ၁၁**

ဘားအံမြို့သစ်တောဦးစီးဌာနမှ သံလွင်အနောက်ဘက်ခြမ်းတာဝန်ခံအရာရှိ နှင့်အဖွဲ့ဝင်များက လှာကာကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့နှင့် ပူးပေါင်း၍ ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် နှစ်ရှည်ပျိုးပင် ၁၀၀၀ ကျော်အား ဒေသခံပြည်သူများအတွက် အခမဲ့ လိုက်လံဝေငှနေကြောင်းသိရသည်။

သစ်တောဦးစီးဌာနမှ သံလွင်အနောက်ဘက်ခြမ်းတာဝန်ခံအရာရှိ ဦးဇော်မင်းဦးက "ကျွန်တော်တို့နှစ်ရှည်ပင်များဖြစ်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ အစရှိသည့် နှစ်ရှည်ပျိုးပင်များကို အခမဲ့လိုက်လံဝေငှနေပါတယ်။ ဒီမြို့ကလေးလမ်းဆုံကနေပြီး ဝါးပိုးတောကျေးရွာအုပ်စုအထိ လမ်းခရီးမှာရှိတဲ့ကျေးရွာတွေကို ပျိုးပင်များ အခမဲ့ဝေငှပေးမှာပါ။ နောက်တစ်ပတ်မှာလည်း ယခုလို ပျိုးပင်များကို ဝေငှပေးမှာဖြစ်တယ်"ဟု ပြောကြားသည်။

**ထွန်းထွန်းထွေး(ဘားအံ)**


**မော်ဘီမြို့ အသောကကျောင်းတိုက်**
**(မြေဇင်းတောရဓမ္မရိပ်သာ) ရက်(၆၀)တရားစခန်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ရှမ်းစု(၁)ရပ်ကွက်၊ အသောကကျောင်းတိုက်တွင် ကန္နီဥပနိဿယ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ နည်းအတိုင်းကမ္မဋ္ဌာနာစရိယဆရာတော် ဓမ္မာစရိယ အရှင်ကုဏ္ဍလနှင့် အရှင်သုမေဓာတို့မှ (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၁ရက်) ၁၇-၇-၂၀၁၅(သောကြာနေ့)မှ (ဝါခေါင်လကွယ်နေ့) ၁၃-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) အထိ ရက်(၆၀)တိတိ တရားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးကြပါရန်နှင့် ယောဂီများ ၁၆-၇-၂၀၁၅ရက် ညနေ၅နာရီ ကျောင်းသို့အရောက်လာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဦးသုမေဓာ-ဖုန်း-၀၉-၄၂၅၀၂၆၃၅၈
ဆရာဦးသန်းဝင်း(ညောင်ဦး)-ဖုန်း-၀၉-၄၂၁၀၂၅၉၈၅
ဦးသန်းအောင်-ဖုန်း-၀၉-၄၂၀၀၈၃၆၅၀

**အမြန်ရောင်းမည်**

ရင်းနှီးမြှုပ်နှံရန်သင့်တော်သော ကြည့်မြင်တိုင် တစ်ဖက်ကမ်း မြို့သစ်စီမံကိန်းအတွင်းရှိ မြေကွက်(ပိုင်ရှင်ကိုယ်တိုင်)ရောင်းမည်။ (အရှုပ်အရှင်းကင်း)

၃. ၃၈ဧက ရောင်းဈေး ၁၈ဧက ၂၃၅သိန်း

ဆက်သွယ်ရန်ဖုန်း-

၀၉-၅၁၈၂၄၇၁၊ ၀၉-၇၈၅၁၈၂၄၇၁

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရွှင်း၊သမင်ဖြူ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၆



**The Republic of the Union of Myanmar**
**Ministry of Energy**
**Myanma Petroleum Products Enterprise**

Invitation to interested parties regarding a Joint Venture for the Importation, Storage, Distribution of Petroleum Products

1. The Myanma Petroleum Products Enterprise (MPPE) is a state-owned enterprise which is responsible for carrying out the retail and wholesale distribution of petroleum products under the Ministry of Energy (MOE)in Myanmar. The enterprise operates storage facilities, conducts sales and distributes petroleum products through four (4)main fuel terminals, twenty four(24)sub fuel terminals and twelve (12)gas stations in the Republic of the Union of Myanmar.
2. In order to better serve customers in the importation, storage, distribution and sales of petroleum products in Myanmar and to improve the management of the business while conducting environmentally friendly operations, interested foreign companies are invited to submit a bid to form a joint venture.
3. Interested parties may enquire at the following address for the details, rules and requirements of the tender starting from the date of this announcement.
4. The Invitation to Tender documents shall be available for purchase on 20-7-2015 at the address listed below.
5. The application must be submitted in person and shall be submitted not later than 1:00pm on the 20-10-2015.

Managing Director

Myanma Petroleum Products Enterprise
Ministry of Energy
Office Building No.6
Nay Pyi Taw
Tel:+95 67 411488, +95 67 411053, +95 67 411119, +95 67 411092
Fax:+95 67 411101, +95 67 411137
Email:mppe.ho2@mptmail.net.mm

**မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်**



**မိဘအမည်မှန်**

အထက(၄)ပုဇွန်တောင်မြို့နယ်၊ ဒသမတန်း(ECO)တွင် ပညာသင်ကြားနေသော မောင်မြင့်ဇော်နိုင်၏ မိဘအမည်မှန်မှာ ဦးသန်းနိုင်[၁၁/ပဇတ(နိုင်)၀၀၂၀၇၀]နှင့် ဒေါ်ခင်အေးနု[၁၁/စတန(နိုင်)၀၁၇၁၀၆]ဖြစ်ပါကြောင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ဆေးပညာသင်ကြားရေး/ပညာပေး(ယခင်ဆေးပညာသင်ကြားရေးဗဟိုဌာန)ရန်ကုန်။
(က) သန့်စင်ခန်းပြုပြင်ခြင်း
(ခ) စားသောက်ခန်းပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း
(၂) ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန(လှည်းကူး)
(က) သင်တန်းဝင်းအတွင်းရှိ အောင်ဆန်းသီရိအဆောင် တံခါးများ၊ သံပန်းတံခါး ပြန်လည်ပြုပြင်ခြင်းနှင့် မီးလိုင်းများကြွခိုင်မှုအတွက် ပြုပြင်ခြင်း
(ခ) ရုံးဝင်းနှင့် သင်တန်းဝင်းအနောက်ဘက်ရှိ အုတ်တံတိုင်းခြံစည်းရိုးအား သွပ်ဆူးကြိုးကာရံခြင်း
(ဂ) ရုံးဝင်းအတွင်းရှိ သုံးထပ်စာသင်ဆောင်နှင့် ဝင်ပေါက်ဆက်သွယ်သည့် လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပေအရှည်(၃၀၀)
(ဃ) လူ(၁၀၀)ဆံ့ အိပ်ဆောင်အောက်ထပ်ရှိ တံခါးများ သံပန်းတပ်ဆင်ခြင်းလုပ်ငန်း
(င) လူ(၁၀၀)ဆံ့အိပ်ဆောင်လုံခြုံမှုရှိစေရန် အပေါ်ထပ်/အောက်ထပ် လှေကားများတွင် သံပန်းတံခါးတပ်ဆင်ခြင်းလုပ်ငန်း
(စ) (၆)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဂိတ်တံခါးပြုလုပ်ခြင်းလုပ်ငန်း
(ဆ) (၆)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ မြောင်းကူးတံတားပြုလုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၇-၂၀၁၅မှစတင်၍ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၇-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအား အသေးစိတ်သိရှိလိုပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနရှိ တာဝန်ရှိသူများထံ

**ဆက်သွယ်စုံစမ်းနိုင်ပါသည်။**
**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၄၁၁၂၃၃**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(BASc)(၄)နှစ် သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့(DVM)(၆)နှစ်သင်တန်းတွင်အမျိုးသားဦးရေ(၅၀)ဦးနှင့် အမျိုးသမီးဦးရေ(၅၀)ဦး စုစုပေါင်း(၁၀၀)ဦးလက်ခံမည်။
(ခ) မွေးမြူရေးပညာဘွဲ့(BASc)(၄)နှစ်သင်တန်းတွင် အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း(၁၅၀)ဦး လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-
(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) ဝါသနာပါရှိသူများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းရမှတ် ကန့်သတ်ချက်မရှိ စိတ်ကြိုက်လျှောက်ထားနိုင်ပါသည်။
(ဃ) ဝင်ခွင့်ရေးဖြေ၊ နှုတ်ဖြေ ရမှတ်နှင့် စိတ်ပါဝင်စားမှုတို့အပေါ် မူတည်၍ ရွေးချယ်သွားမည်။
(င) ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် အသက်(၁၈)နှစ်ထက်မကြီးစေရ။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။
(ဆ) လူတွေ့နှုတ်မေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့် A4 Size စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့်အတွက် လျှောက်လွှာများကို သတ်မှတ်ပုံစံတွင်ဖြည့်စွက်လျက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်းထောက်ခံချက်(မိတ္တူ)၊ တက္ကသိုလ်ဝင်အမှတ်စာရင်းမိတ္တူ၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်(မူရင်း)၊ ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်) ရပ်ကွက်အုပ်ချုပ်ရေးမှူး(သို့မဟုတ်) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)၊ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ထောက်ခံချက်မူရင်း၊ လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)တို့နှင့်အတူ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ ၎င်းတက္ကသိုလ် ကျောင်းသားရေးရာဌာနသို့ ၂၀၁၅ခုနှစ် ဩဂုတ်လ ၇ရက် နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းနှင့်အညီ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် စာစစ်ဌာနတွင်လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အင်းစိန်၊ ရန်ကုန် စာစစ်ဌာနတွင်လည်းကောင်း အောက်ဖော်ပြပါအတိုင်း ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၃ နာရီ မေးခွန်း-နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ<br>၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် |
| (ခ) | ဇီဝဗေဒနှင့်<br>မွေးမြူရေးဗဟုသုတ | ၃ နာရီ မေးခွန်း-နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ<br>၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် |

၇။ တက္ကသိုလ်ဝင် ရေးဖြေစာမေးပွဲ ဖြေဆိုပြီးနောက် လူတွေ့နှုတ်မေး ဖြေဆိုခွင့်ရရှိသူများကို အချိန်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၈။ လူတွေ့နှုတ်မေးဖြေဆိုရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၉။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းကို ၎င်းတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ အကယ်၍ ၎င်းတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၁။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို သေချာစွာ ရွေးချယ်ဖော်ပြရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၁၂။ ဖြေဆိုခွင့်ကတ်များကို ၂၆-၈-၂၀၁၅ရက်မှ ၂၈-၈-၂၀၁၅ရက်အတွင်း သက်ဆိုင်ရာ စာစစ်ဌာနများ၌ ထုတ်ပေးမည်။

၁၃။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း -၀၆၇-၄၁၆၆၅၉ ကျောင်းသားရေးရာဌာန၊ ဖုန်း ၀၆၇-၄၁၆၅၂၆ ဒုတိယပါမောက္ခချုပ်(သင်ကြား)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
## တိရစ္ဆာန်ဆေးပညာဘွဲ့၊ မွေးမြူရေးပညာဘွဲ့
## ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက်

ဓာတ်ပုံ
တစ်ပုံကပ်
နှစ်ပုံပူးတွဲ

| ကျောင်းသား/ ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |

၁။ အမည်
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
၃။ လူမျိုး
၄။ ကိုးကွယ်သည့်ဘာသာ
၅။ မွေးသက္ကရာဇ်
(တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း)

| အဖ(အရင်း) | အမိ(အရင်း) |
|---|---|
| | |
| | |

၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန
၇။ မိဘနေရပ်လိပ်စာ
၈။ ဝင်ခွင့်လျှောက်ထားသူ၏-----------------------
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် ------------------------------
၉။ ရေးဖြေ ဖြေဆိုလိုသည့်စာစစ်ဌာန --------------------- (ရေဆင်း သို့မဟုတ် အင်းစိန်စာစစ်ဌာနတစ်ဌာနသာရေးသားရန်)
၁၀။ တက်ရောက်လိုသည့်သင်တန်း
တိရစ္ဆာန်ဆေးပညာဘွဲ့(၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (၄)နှစ်သင်တန်းစသည်တို့တွင် တက်ရောက်လိုသည့် သင်တန်းကို ဦးစားပေးအလိုက် တိကျမှန်ကန်စွာ ဖြည့်စွက်ရေးသားရန်
(က) ပထမဦးစားပေး ----------------------------------------
(ခ) ဒုတိယဦးစားပေး ----------------------------------
၁၁။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ-------------------- --------------------
လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါ အချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ ------------------ --------------------
မိဘ/အုပ်ထိန်းသူလက်မှတ်
၁၂။ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးကြောင်း ထောက်ခံပါသည်။
ကျောင်းအုပ်ကြီးလက်မှတ်
( )



# Omron ဆီးချို သွေးချိုတိုင်းကိရိယာ (သို့) Test Strip အသုံးပြုခြင်းဖြင့်

OMRON

လက်ဆောင်လဲလှယ်ရယူနိုင်သော အစီအစဉ်







City Mart နှင့် City Care ဆေးဆိုင်များတွင်

DKSH Services Ltd.

www.omronhealthcare-ap.com

All for Healthcare

# မြန်မာ့စီးပွားထူးချွန်သူများ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်တွေ့ဆုံမေးမြန်းသည်



ထွက်ပြီ

စီးပွားရေးလောကထဲက
ထူးချွန်အောင်မြင်သူတွေရဲ့
အောင်မြင်မှုသော့ချက်တွေကို
ပါမောက္ခဒေါက်တာအောင်ထွန်းသက်
တွေ့ဆုံမေးမြန်းဖော်ထုတ်ထားသည့်စာအုပ်

ရန်ကုန်မြို့တွင်း ဖုန်းနံပါတ် - ၀၉ ၄၂၀၀၀၄၉၀၄ ကိုမှာယူပါက အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပါသည်။

ဖြန့်ချိရေး - Hub Myanmar
ရန်ကုန်နှင့် မန္တလေးရှိ City Mart၊ Ocean၊ YKKO နှင့်စာအုပ်ဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။
ရန်ကုန်မြို့ - ၀၉ ၄၂၀၀၃၃၃၇၇ (Hot Line)၊ ၀၁ ၄၀၁၁၇၆၊ ၀၁ ၈၆၀၃၀၈၆ ~ ၇။
မန္တလေးမြို့ - ၀၉ ၇၇၀၄၅၁၄၀။

# ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING




TRW
No. (31), Room (5), 7 Miles,
Pyay Road, Yangon

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9006
707062, 09-861-7770

မျိုးမြတ်သူ
A/C Express
ပင်လေးဘူးရှားစုံ စစ်ကိုင်းအင်း၀
17 July 2:00pm ကျောက်စိမ်းဘုရား
ဒီးဒုတ်ရေတံခွန်
သောကြာညသွားတနင်္ဂနွေညပြန် ကား(ငြိမ်း)35000
25.7 20000
09 254058712, 31568500

စီးပွားပန်းခင်း
09-73009869
09-73013432
09-73028433
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
အင်္ဂလိပ်စာ
စီးပွားရေး
July
(10%) Discounts

# ဝေ အားတိုးဆေးရည်

ကိုယ်တွင်း ဩဇာဓာတ်များအားနည်း ကုန်ခမ်းနေပါသလား။

"ဝေအားတိုးဆေးရည်ကသင့်ကျန်းမာရေးကို တာဝန်ယူပါရစေ"

စားချင်စိတ်ပေါ်လာစေပြီး
အားပြည့်လန်းဆန်းစေသည်။

- အသက်ကြီးသူများအတွက် ...
- အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အဆင့်ခံစားရသူများ သောက်သုံးလျှင်ပင်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည် ။
- အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သည်။
- Anti oxidant Action ရှိကြောင်း လက်တွေ့သုတေသနပြုပြီး။
- Acute Toxicity Test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုး ကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
- From Experience ~ To Evidence







TMR 010126 (0216)

ပင်ရင်း ဝေ ဆေးတိုက်


တစ်မိနစ်
၂၉
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်း ချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများအတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာ ကို ရယူရန် "SWE" ဟု ရိုက်၍ 1 3 3 2 သို့ အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-031(15-16) | Electrical Spares for ZJ 50D Drilling Rigs (36)Items | US$ |
| (၂) | IFB-032(15-16) | Spares for CNG Retest Factory (36)Items | US$ |
| (၃) | IFB-033(15-16) | Spares for Oxygen Generator, Oxygen Purifier and Oxygen Compressor(10) Items | US$ |
| (၄) | IFB-034(15-16) | 13 5/8"x 5K Double Ram BOP (1) Unit | US$ |
| (၅) | IFB-035(15-16) | Spares for Mack Oil Field Truck(21)Items | US$ |
| (၆) | IFB-036(15-16) | Spares for Hydraulic Power Station | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

AD Car Rental 01-394711 09-253991233
မြို့တွင်းမြို့ပြင် ကားငှားဝန်ဆောင်မှုလုပ်ငန်း
ကားအသုံးပြုလိုသောပုံစံအတိုင်းကျွမ်းကျင်သော ယာဉ်မောင်းများဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

သွေးသည် အသက်

YANGON SCHOOL OF BUSINESS
(EPS - TOPIK)
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
ကိုရီးယားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
(Sat - Sun) တန်းခွဲသစ်များဖွင့်လှစ်နေပါသည်။
လစဉ်တန်းခွဲသစ်များ ရှိပါသည်။
အမှတ် (၂၉)၊ ၇-လွှာ၊ လှည်းတန်းမှတ်တိုင်၊ အင်းစိန်လမ်းမ၊ တာမွေရွာတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-254061559, 09-795989963, 09-73003160

ရာပြည့် အထူးလျှော့ဈေးစာအုပ်ရောင်းပွဲ
တစ်ဦးချင်း ၂၀ %၊ ကိုယ်စားလှယ် ၃၀ %၊ အခြားတိုက်ထုတ် ၁၀ % လျှော့
၁၀၊ ၇၊ ၁၅ မှ ၁၆၊ ၇၊ ၁၅ ထိ၊ နံနက် ၉ နာရီ မှ ညနေ ၆ နာရီ အထိ
ရာပြည့်စာအုပ်ဆိုင် -ပန်းဆိုးတန်း(၀၁-၂၄၃ ၃၅၁၊ ၃၇၅ ၉၅၂)၊လှည်းတန်း(၀၉၅၁ ၄၆၁ ၄၂)







ကြော်ငြာ

IT COMPUTER TRAINING CENTER

ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | Computer Basic | LCCI I-II

MOBILE PHONE Software + Hardware | DESKTOP PUBLISHING | Service Technician | GRAPHIC DESIGN

HOT LINE - 09452907778, 395353, 253293



## မော်လမြိုင်မြို့၊ စိန်ပက်ထရစ်နှင့် အမှတ်(၅)အထက ကျောင်းသားဟောင်းများအားလုံးသိရှိရန် ဖိတ်ကြားအပ်ပါသည်

မော်လမြိုင် စိန်ပက်ထရစ်/အထက(၅)ရန်ကုန် "ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်း" ဖွဲ့စည်းမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ အမှုဆောင်များအဖြစ် ပါဝင်ရွေးချယ်နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)

အချိန် - နံနက် ၉ နာရီ

နေရာ - အမှတ်(၄၇၉)၊ ၇လွှာ၊ အေးရိပ်သာ(၂)လမ်း၊ တက်လမ်းကွန်ဒို တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

နေ့လယ်စာဖြင့်ဧည့်ခံပါမည်။

**ဖြစ်မြောက်ရေးကော်မတီ**

## ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး (RC-၂ထပ်) ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသား၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

-တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်-၁၆-၇-၂၀၁၅ရက်

-တင်ဒါပိတ်မည့်ရက်နှင့် အချိန်-၂၀-၇-၂၀၁၅ရက် ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (စစ်တွေမြို့) ဖုန်း-၀၉-၈၅၁၆၅၀၅၊ ၀၄၃-၂၃၄၅၈တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

အချိန်မီ အရောက်ပို့ မယ်ဗျို့

မိုးရွာလို့ ခွဲခွဲစိုလည်း ချန်ပီယံကတော့ အိမ်အရောက်ပို့ပေးမှာပါဗျို့

09 4333 4111 ☎ 01-682844

09 4333 4222 ☎ 01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။

ဖုန်း- ၀၉-၅၄၀၁၀၁၁၊၀၉-၇၃၀၉၅၆၇၇

ကျန်းနေဘော အစားသုံး အခန်းကာ လျှာထိုး

Since 1998 Home


ရေစိုခံ ဈေးနှုန်း သက်သာ



Design Layer (Design ပါပြီး၊ ဆေး ပေါ်လစ်တင်ရန်မလို)

Core Body Layer (လွှ ဖြတ်နိုင်၊ ရေစိမ်ခံ၊ သံ ရိုက်နိုင် လျှာထိုး ပါပြီး ဖြ မစား)

Special Wear Resistance Layer (ရေစိုခံ၊ အရောင် မရိန့်၊ မှတ်တိုက် ခံ)



Package Promotion!!

READY MADE FLOOR

ပါကေးအစားထိုး ကြမ်းခင်း အထူးPromotion

** Selected Items Only (Stock Limited အတွင်းသာ)

ရန်ကုန် အမှတ် F. (2~8) အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဝ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား )၊ မန္တလေး။ ဖုန်း - 09 3311 6626 , 09 3322 6636

နေပြည်တော် အမှတ် (1237)၊ ဇော်ဂျီလမ်း၊ မင်္ဂလာဦး ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်။ ဖုန်း - 09 730 84 844 , 09 4920 5733

မော်လမြိုင် အမှတ် (33)၊ မြို့ရှောင် လမ်းမကြီး၊ မြေနီကုန်းရပ်ကွက် မြေနီကုန်း အဝေးပြေး ကားဝင်းအနီး၊ မော်လမြိုင်မြို့။ ဖုန်း - 09 7958 999 80 , 09 7958 999 81

** ဖိတ်ရက်မရှိ ရောင်းချပေးမှုကိုရှိပါသည်

မကိုက်ရ



ကလေးများကို သွေးလွန်တုပ်ကွေးအန္တရာယ်မှ ကာကွယ်ပါ။

ကလေးများ ကျောင်း (သို့) နေအိမ်တွင်ရှိစဉ် နံနက်၊ နေ့လယ်နှင့် ညနေပိုင်းများတွင် ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားနှင့် ခြင်ကိုက်စေနိုင်သော အသားအရေများပေါ်တွင် ဖြန်းထားပေးပါ။

မကိုက်ရ ခြင်မကိုက်ဆေးရည်သည် ခြင်များကို လူအနီးသို့ မလာနိုင်အောင် ကာကွယ် ပေးပါသည်။

ခြင်မကိုက်ရည်စပရေး၊ ခရင်(မ်)နှင့်တစ်ခါသုံးခရင်(မ်) အထုပ်များ

လူနှင့်ကိုယ်ခန္ဓာကို အားဥပဒ်မဖြစ်စေပါ၊ ပိုးသတ်ဆေးမပါဝင်ပါ

ခြင်လည်းမသေတဲ့ မကိုက်ရ



ဝယ်ယူရရှိနိုင်သောနေရာ - စတိုး/ ဆေးဆိုင်များ၊ - သိမ်ကြီးဈေး၊ မင်္ဂလာဈေး၊ ရွှေပြည်စုံ၊ ဗိုလ်ချုပ်ဈေးသစ်၊ ဈေးချို (MDY)၊ ABC စတိုး၊ စိန်ဂေဟာ၊ ဝန္နမာW.S

80 ml Cream 20 ml Cream

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၉၀၁ Y - ၁၁၆၀

TMR 007702 (1014)

TMR 011172 (1114)



မိဂသီ အမှတ်တံဆိပ်

မိဂသီဆေးတိုက်မှ ထုတ်လုပ်သော

- မိဂသီ အကြောပြေလိမ်းဆေး
- မိဂသီ အကြောပြေဆေးပြား
- မိဂသီ သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ
- ကြယ်စင် ချောင်းဆိုးပျောက်ဆေးရည်

အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၃၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၁ ၅၇၂၈၉၇၊ ၀၉ ၅၀၀ ၁၁၃၇၊ ၀၉-၂၅၃၃၈ ၃၃၈၈

ကြော်ငြာ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇူလိုင်လ၊ ၁၈-၁၉၊ (၄၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ (၂၁)ရက် (၄၈)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၁၆၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇူလိုင်လ (၁၈၊ ၁၉)ရက်တွင် ၄၉-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၅၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ပါဝင်ယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **ဆီတော ရွှေပြည်ဟိန်း ကျေးဇူးနှစ်ဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည့်စုံသာယာ၊ ရန်ကင်း၊** (ILBC၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အဖွင့်စမောထိန်းငွေစာရင်း (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# Dragon & Dragon Group Co.., Ltd

**D&D** မှ တာဝန်ယူ ဆောက်လုပ်ပြီးအလှဆင်ပေးခဲ့သော

**ဦးကျော်လှိုင် ( Managing Director THIN ZAR KYAW Co., Ltd )**

**+**

**ဒေါ်အေးအေးမြင့် (Chairman LOCAL LOGISTIC LEADER Co., Ltd )**

တို့၏

အမှတ် (23)၊ အောင်မင်းခေါင်လမ်း၊ ရွှေတောင်ကြား အိမ်သစ်တက် ပွဲ မင်္ဂလာအတွက်

အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ဆတက်ထမ်းပိုး တိုးတက် အောင်မြင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည် ။

(Chairman)
နှင့်
D & D Co., မှ ဝန်ထမ်းများ

**Add : Central Tower,Rm .203/207 , Corner of 39th Street & Anawrahta Rd, Kyauktada Tsp, Yangon, Myanmar.**
**Tel : +95-1-381984 / 381985 / 395782**



# ပင်လယ်ပိုင်းဒေသများကို ဆက်စပ်ပေးမည့် မှော်ဝန်းတံတား

မှော်ဝန်းချောင်းနှင့် မှော်ဝန်းတံတားတို့က ညနေ နေဝင်ဆည်းဆာ အချိန်တွင် ပန်းရလျက်ရှိသည်။ ဟိုးအဝေးမိုးကုပ်စက်ဝိုင်းထက်မှ သက်တံရောင်စဉ်တို့ကလည်း ဝေဖြာလျက်။ အဆိုပါတံတားအနီးရှိ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူတို့ကလည်း တံတားပေါ်တွင် ခြေကျင်တစ်မျိုး၊ ဆိုင်ကယ်၊ စက်ဘီးနှင့် တစ်ဖုံ၊ မော်တော်ယာဉ်တို့နှင့်တစ်မျိုး လူးလာခေါက်တုံ့သွားလာလျက်ရှိကြသည်။

မှော်ဝန်းတံတားကို ဇူလိုင်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် တရားဝင်ဖွင့်လှစ်မည်ဖြစ်သော်လည်း ဒေသခံပြည်သူများ အသုံးပြုခွင့်ရ၍ ထိုသို့ သွားလာနိုင်ခြင်း ဖြစ်သည်။ သို့ဖြင့် အဆိုပါတံတား ဖွင့်လှစ်နိုင်မှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ သဘောထားအမြင်များကို သတင်းအဖွဲ့က ကောက်နုတ်တင်ပြလိုက်ရပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့




တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နေလင်း
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

စာမျက်နှာ - ၅

## ယနေ့ မာတိကာ

အချိုးကျ တိုးတက်မှ နိုင်ငံဖွံ့ဖြိုးမည်
စာမျက်နှာ - ၂

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း “ချန်ဟုမ်” တိုက်ခတ်
စာမျက်နှာ - ၄

လူပြောများသော အမှားများ
စာမျက်နှာ - ၆

ဝင်ဘယ်လ်ဒန်အိုးပင်း ပိုလ်လုပွဲ ဖက်ဒရာနှင့် ဂျိုကိုဗစ်ချ် တွေ့ဆုံ
စာမျက်နှာ - ၁၃

## ရှုံးထွက်ပြိုင်ပွဲတွင် ဟံသာဝတီနှင့် ရတနာပုံအသင်း ကွာတားတက်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန်　ဇူလိုင်　၁၁**

၂၀၁၅ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားသည်။

**(သုဝဏ္ဏကွင်း)**
**ဟံသာဝတီ - သုံးဂိုး**
**ကမ္ဘောဇ - တစ်ဂိုး**

ရှုံးထွက်ပြိုင်ပွဲတွင် အောင်မြင်မှုမရဖူးသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ၂၀၁၀ ချန်ပီယံဟောင်း ဟံသာဝတီအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရပြီဖြစ်သည်။ ကမ္ဘောဇအသင်း၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့ပြီး အမာခံ အစုံအလင်နီးပါး ပါဝင်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာ ကမ္ဘောဇအသင်း၏ အမှားများမှတစ်ဆင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇအသင်းမှာ ကျော်ဇေယျာဝင်းမှ လွဲ၍ နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် လူစုံပါဝင်လာခဲ့ပြီး ဟံသာဝတီအသင်းမှာမူ နိုင်ငံခြားသားသုံးဦးကို အမာခံပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ကမ္ဘောဇအသင်း ခြေသာခဲ့သော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ တိုက်စစ်မှူးများဖြစ်သည့် ဖိုလန်နှင့် ဂျော်ဂျီတို့ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့



ဟံသာဝတီတိုက်စစ်မှူး ဘမ်ဘာ၏ ထိုးဖောက်မှုကို ကမ္ဘောဇ နောက်ခံလူ ဟန့်တားနေစဉ်။

## မြဝတီ-သက်န်းညီနောင်-ကော့ကရိတ် လမ်းဟောင်းနှင့်လမ်းသစ် ပြန်လည်ဖွင့်လှစ်

**နေပြည်တော်　ဇူလိုင်　၁၁**

မြဝတီ-သက်န်းညီနောင်-ကော့ကရိတ်လမ်းဟောင်းသည် လမ်းဇရိယာကျဉ်းမြောင်းခြင်း၊ တောက်တက် တောင်ဆင်းကြမ်းတမ်းခြင်းတို့ကြောင့် ခရီးသွားလာရန် ကန့်သတ်ချက်များရှိသည့်အတွက် ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာ ခရီးသွားနိုင်ရေး၊ နယ်စပ်ဒေသကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံဒေသအတွင်းရှိ နိုင်ငံများနှင့် ကူးလူးသွားလာနိုင်ရေးတို့အတွက် မြဝတီ-သက်န်းညီနောင်-ကော့ကရိတ် အာရှလမ်းသစ်အား နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် အိမ်နီးချင်းနိုင်ငံတို့ ပူးပေါင်း၍ ဖောက်လုပ်ခဲ့သည်။

အဆိုပါ အာရှလမ်းသစ်ဖောက်လုပ်ပြီးစီးခဲ့ပြီး ခရီးသွားပြည်သူများ စတင်အသုံးပြုချိန်တွင် ကလိုထူးဘော ကရင်အစည်းအရုံး(KKO) အဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးလက်နက်ကိုင်အဖွဲ့ငယ်များက အကောက်စခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူလူထုထံမှ ငွေကြေးကောက်ခံမှုများ ပြုလုပ်ခဲ့သည်။ ထို့အတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့များက အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အကောက်စခန်းများအား ဆက်လက်ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြဝတီမြို့ရှိ ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီဌာပနာသွင်းအခမ်းအနားတက်ရောက်ရန်အတွက် မေ ၂၆ ရက်တွင် အာရှလမ်းသစ်မှသွားရောက်ကြရာ ကျော်သက်နှင့်စောဆန်းအောင်အဖွဲ့က

စာမျက်နှာ ၅ ကော်လံ ၄ သို့

themirror.npt@gmail.com
www.facebook.com/themirrordaily

